မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် လက်လွတ်ဆုံးရှုံးခဲ့ရသော အခွင့်အလမ်းများ (၂၀၁၀-၂၀၁၆)

မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် လက်လွတ်ဆုံးရှုံးခဲ့ရသော အခွင့်အလမ်းများ (၂၀၁၀-၂၀၁၆) စာအုပ်သည် သမ္မတဦးသိန်းစိန် ခေါင်းဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အစိုးရ လက်ထက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် အဆိုပါနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာရသော ပုဂ္ဂိုလ်ရေး အားပြိုင်မှုများ၊ နိုင်ငံရေးအားပြိုင်မှုများနှင့် ပဋိပက္ခများကြောင့် နိုင်ငံနှင့်လူမျိုး တိုးတက်ရေးအတွက် လက်လွတ်ဆုံးရှုံးခဲ့သွားရသော အခွင့်အလမ်းများအကြောင်းကို ရေးသား ဖော်ပြထားခြင်း ဖြစ်သည်။

လက်လွတ်ဆုံးရှုံးခဲ့သော အခွင့်အလမ်းဆိုသည်မှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရှုံးနိမ့်ရခြင်းတစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်၊ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများမှ မည်သည့်ပါတီ အာဏာရလာသည်ဖြစ်စေ မြန်မာ့နိုင်ငံရေး အပြောင်းအလဲကို တည်တည်ငြိမ်ငြိမ် ခရီးဆက်နိုင်ဖို့ လိုအပ်သည့် အင်စတီကျူးရှင်းများ ခိုင်မာရေးကို ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ လက်လွတ် ဆုံးရှုံးခဲ့ရခြင်းကိုလည်း ဆိုလိုကြောင်း အစိုးရ၏ ငါးနှစ်တာကာလ အုပ်ချုပ်ရေး၊ နိုင်ငံရေး ဖြစ်စဉ်များကို ဥပမာပြုလျက် ဖော်ပြထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော အစိုးရအဖွဲ့အတွင်း ထဲထဲဝင်ဝင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးက အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ် လျှောက်နေရင်း အစိုးရအဖွဲ့အတွင်း လုပ်ပုံကိုင်ပုံ ဖြစ်ပျက်ခဲ့ပုံများနှင့် ပတ်သက်ပြီး အသေးစိတ် ဝေဖန် ရေးသားထားသည့် ခေတ်အလိုက် ထင်ဟပ်သောစာအုပ် ဖြစ်သည်။

၁၉၈၈ နောက်ပိုင်း မြန်မာ့နိုင်ငံရေးအကြောင်း စိတ်ပါဝင်စားသူများ၊ ယခုမှ စတင် လေ့လာသူများသာမက အတိုင်းအတာတစ်ခုအထိ လေ့လာဖူးသူများရော၊ မြန်မာ့အရေးပညာရှင်များအတွက်ပါ စိတ်ဝင်စားဖွယ် ကောင်းသော နိုင်ငံရေးအားပြိုင်မှုများကို အသေးစိတ်ဖော်ပြထားသည်။

ISBN 978-99971-84-44-3

မာတိကာ

ဘာသာပြန်ခြင်းအတွက် စာရေးသူ၏ အမှာစာ ၉
ပါမောက္ခ ရောဘတ်တေလာ၏ အမှာစာ ၁၃
ကျေးဇူးတင်လွှာ ၂၇
နိဒါန်း ၂၉
အခန်း ၁၊ **အမျိုးသားညီလာခံ** ၃၃
- တပ်မတော်နှင့် အခြေခံဥပဒေ ၃၆
- အမျိုးသားညီလာခံအတွက် ပြင်ဆင်ခြင်း ၃၇
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် သဘောထားကွဲလွဲခြင်း ၃၉
- အမျိုးသားညီလာခံမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထွက်ခွာခြင်း ၄၂
- ထိပ်တိုက်ရင်ဆိုင်ခြင်း ၄၄
- အမျိုးသားညီလာခံပြန်လည်ကျင်းပခြင်း ၄၉

အခန်း ၂၊ **ဖွဲ့စည်းပုံအခြေခံဥပဒေ** ၅၅
- တရားဝင်ဖြစ်မှု ၅၅
- အထိန်းအကန့်များ ၅၇

အခန်း ၃၊ **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ** ၆၅
- ကြံ့ခိုင်ရေး၏ မူလအစ ၆၅
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၆၆
- အသင်း ဖွဲ့စည်းတည်ဆောက်ပုံ ၆၇
- အဓိက ရာထူးနေရာများ ၆၈
- စီးပွားရေးလုပ်ငန်းများ ၇၀
- အသင်းဝင်နှင့် စည်းရုံးရေးလုပ်ငန်းများ ၇၂
- အသင်းမှ ပါတီသို့ ၇၅

အခန်း ၄၊ **မြန်မာ့ခေါင်းဆောင်နှင့် ဒေါ်အောင်ဆန်းစုကြည်** ၈၁
- ပြုပြင်ပြောင်းလဲရေးအစီအစဉ် ၈၂
- ဒေါ်အောင်ဆန်းစုကြည် ၈၃

အခန်း ၅၊ ပြည်ထောင်စုအစိုးရ ၉၅
- ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက် ၉၅
- ဦးသိန်းစိန်အစိုးရအဖွဲ့ ဖွဲ့စည်းမှု ၉၆
- ၂၀၁၁ မတိုင်မီ အစိုးရအဖွဲ့ ယန္တရားလည်ပတ်မှု ၁၀၀
- အစိုးရသစ်ဖွဲ့စည်းခြင်းနှင့် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲခြင်း ၁၀၄
- သမ္မတ၏ အာဏာကို တောင့်တင်းခိုင်မာအောင် ပြုလုပ်ခြင်း ၁၀၉
- အစိုးရ တစ်နှစ်ပြည့် နှစ်ပတ်လည် ၁၁၄
- ဝန်ကြီးများ အပြောင်းအလဲ ၁၁၇
- ပြုပြင်ပြောင်းလဲရေးသမားများနှင့် မူဟောင်းထိန်း ခေါင်းမာဂိုဏ်းသားများ ၁၁၈
- သမ္မတရုံး ဝန်ကြီးများ ၁၂၅
- ဒုတိယသမ္မတများ ၁၃၀
- အစိုးရအဖွဲ့ရုံး သမ္မတရုံးနှင့် သမ္မတဦးစီးရုံး ၁၃၅

အခန်း ၆၊ အစိုးရနှင့် လွှတ်တော် ၁၄၅
- လွှတ်တော် ဖွဲ့စည်းပုံ ၁၄၅
- ပြည်ထောင်စုလွှတ်တော် ၁၄၅
- သူရဦးရွှေမန်း ၁၄၇
- ပြည်ခိုင်ဖြိုးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များ ၁၆၀

အခန်း ၇၊ သူရဦးရွှေမန်း၏ နိုင်ငံရေးကစားကွက် ၁၇၀
- ၂၀၁၂-၁၃ ပြည်ထောင်စုအစိုးရ ဘဏ္ဍာငွေ ခွဲဝေလျာထားချက် ၁၇၀
- သမ္မတ၏ လစာ ၁၇၅
- အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ၁၇၆
- အမျိုးကျ ကိုယ်စားပြုစနစ် ၁၇၉
- နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၁၈၅
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥပဒေများ ပြင်ဆင်ခြင်း ၁၉၅
- ပြည်ထောင်စုလွှတ်တော်ဥပဒေ (၂၀၁၀) ကို ပြင်ဆင်ခြင်း ၁၉၇

အခန်း ၈၊ အလှည့်အပြောင်း ၂၀၇
- မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ၂၀၇
- အမျိုးသားပညာရေး ဥပဒေ ၂၁၄
- ၂၀၁၂ ရခိုင် ပဋိပက္ခ ၂၂၉

အခန်း ၉၊ မီဒီယာပြုပြင်ပြောင်းလဲရေး ၂၄၅
- မြန်မာ့မီဒီယာ အခြေအနေ (၁၉၈၈-၂၀၁၁) ၂၄၅
- မီဒီယာပြုပြင်ပြောင်းလဲရေးနှင့် အစိုးရအဖွဲ့ ရာထူးအပြောင်းအလဲများ ပြုလုပ်ခြင်း ၂၅၅
- တနယ်ဇင်းဥပဒေနှင့် တနယ်ဇင်းကောင်စီ ၂၆၂
- ပြည်သူ့ဝန်ဆောင်မှု မီဒီယာ ၂၆၉
- မီဒီယာပြုပြင်ပြောင်းလဲရေး၏နိဂုံး ၂၇၄

နိဂုံး ၂၇၉
- ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၇၉
- သမ္မတဦးသိန်းစိန် ၂၈၃
- အစိုးရအဖွဲ့ ၂၈၇
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ၂၈၉

နောက်ဆက်တွဲ (က) နိုင်ငံတော် သမ္မတဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားသည့် မိန့်ခွန်း။ (၃၀ မတ် ၂၀၁၁) ၂၉၅

နောက်ဆက်တွဲ (ခ) နိုင်ငံတော် သမ္မတဦးသိန်းစိန် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များအား ပြောကြားသည့်မိန့်ခွန်း။ (၃၁ မတ် ၂၀၁၁) ၃၀၇

နောက်ဆက်တွဲ (ဂ) တွေ့ဆုံမေးမြန်းခဲ့သူများ ၃၁၃

စာရေးသူ၊ ဘာသာပြန်သူတို့၏ ကိုယ်ရေးရာဇဝင် အကျဉ်း ၃၁၅

ဓာတ်ပုံများ စာမျက်နှာ ၁၄၄ နှင့် ၁၄၅ ကြား

ရုပ်ပုံများ

ပုံ ၅-၁၊ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ၏ နိုင်ငံတော်အဖွဲ့အစည်းများ ၉၇
ပုံ ၅-၂၊ ပြည်ခိုင်ဖြိုးပါတီအစိုးရ၏ ပြည်ထောင်စုအဆင့် တည်ဆောက်ပုံ (ဩဂုတ် ၂၀၁၅) ၉၇
ပုံ ၉-၁၊ မီဒီယာအခန်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွင်း စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ လမ်းပြမြေပုံ (၂၀၀၉-၂၀၁၂) ၂၅၁

ဇယားများ

ဇယား ၁-၁၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ (၁၉၉၃) ၄၀
ဇယား ၁-၂၊ အမျိုးသားညီလာခံ ပုံမှန်အစည်းအဝေးများ (၁၉၉၃-၁၉၉၆) ၄၅

ဇယား ၁-၃၊
ဇယား ၃-၁၊
ဇယား ၃-၂
ဇယား ၅-၁၊

အမျိုးသားညီလာခံကိုယ်စားလှယ်များ (၂၀၀၄) ၅၂
ပြည်ထောင်စုကြံ့ခိုင်ရေးအသင်း ဒုတိယဥက္ကဋ္ဌများ ၆၇
၂၀၁၀ ပြည့်နှစ်တွင် တိုင်းနှင့်ပြည်နယ်အလိုက် တာဝန်ယူထားသည့်
အလုပ်အမှုဆောင်များ ၆၉
သမ္မတဦးသိန်းစိန်၏ ပထမအစိုးရအဖွဲ့ (၃၀ မတ် ၂၀၁၀) ၉၈

ဘာသာပြန်ခြင်းအတွက် စာရေးသူ၏ အမှာစာ

ကျွန်တော်ရေးသားပြုစုခဲ့သည့် Myanmar's Political Transition and Lost Opportunities (2010-2016) စာအုပ်ကို ကိုသက်ဆွေက ဘာသာပြန်မည်ဟု ပြောသည့်အခါ ဝမ်းမြောက်ဝမ်းသာ သဘောတူခဲ့ပါသည်။ ကိုသက်ဆွေသည် တပ်မတော်တွင် ကာကွယ်ရေးဦးစီးချုပ် (ရေ) တာဝန် ထမ်းဆောင်ခဲ့သူဖြစ်သကဲ့သို့ ၂၀၁၆ ခုနှစ်မှ ယနေ့ (ဇူလိုင် ၂၀၂၀) အထိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအတိုင်ပင်ခံအဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။ ထို့ပြင် ရေတပ်ဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ ရေတပ်ပညာနှင့်ဆိုင်သော နိုင်ငံတကာစာအုပ်စာစောင်များကို ဘာသာပြန်ခြင်း၊ ကိုယ်တိုင် လေ့လာပြုစုရေးသားခြင်းများကို ပြုလုပ်နေသူဖြစ်သည်။ သူပြုစုရေးသားခဲ့သည့် "ရေအဆုံး ကုန်းတစ်ဝက် (၂၀၁၇)" သည် မြန်မာနိုင်ငံ၏ ရေကြောင်းကာကွယ်ရေးမူဝါဒတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို ပြည့်စုံစွာ သုံးသပ် ရေးသားထားသည့်အတွက် သာမန်စာဖတ်သူများရော၊ လုံခြုံရေးနှင့် မဟာဗျူဟာ ဘာသာရပ်ကို လေ့လာနေသည့် ပညာရှင်များကြားတွင်ပါ အသိအမှတ်ပြုခံရသည့် စာအုပ်တစ်အုပ် ဖြစ်ခဲ့သည်။

Myanmar's Political Transition and Lost Opportunities (2010-2016) စာအုပ်သည် သမ္မတဦးသိန်းစိန်ခေါင်းဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အစိုးရလက်ထက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအကြောင်းကိုရေးသားထားခြင်းဖြစ်ရာထိုစာအုပ်ကိုဘာသာပြန်မည့်သူသည် တပ်မတော်အစိုးရနှင့် ဦးသိန်းစိန်အစိုးရကာလ နှစ်ခုစလုံးနှင့် အကျွမ်းတဝင်ဖြစ်ဖို့ လိုအပ်သကဲ့သို့ စစ်ရေး၊ နိုင်ငံရေးဆိုင်ရာ ဘာသာပြန် အတွေ့အကြုံလည်း ရှိဖို့ လိုအပ်ပါသည်။ ကိုသက်ဆွေမှာ အဆိုပါ အချက်နှစ်ခုစလုံးနှင့် ပြည့်စုံသူဖြစ်သည့်အပြင် နိုင်ငံရေးဖြစ်စဉ်များနှင့် သမိုင်းများကို စိတ်ဝင်တစား လေ့လာတတ်သူ ဖြစ်ပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ (၁၉၄၈-၁၉၅၈)၊ (၁၉၅၈-၁၉၆၂)၊ (၁၉၆၂-၁၉၈၈) နိုင်ငံရေး ဖြစ်စဉ်များကို အထူးစိတ်ဝင်စားစွာ အချက်အလက် စုဆောင်း လေ့လာနေသူတစ်ဦးဖြစ်သည်။ ကျွန်တော်တို့ ဆုံကြသည့် အခါတိုင်း ၁၉၅၈-၆၂၊ ၁၉၆၂-၈၈ ကာလများအတွင်း နိုင်ငံ၏ အရေးကြီးသော ဖြစ်စဉ် ကိစ္စများတွင် အဓိက ပါဝင်ခဲ့ကြသူများထံမှ တစ်ဆင့်ပြောသာ ကြားဖူးပြီး စာအုပ်စာပေအဖြစ် ရေးသားခဲ့ကြသူများမှာ မရှိသလောက် နည်းပါးလှသဖြင့် လေ့လာ ကိုးကားရန် စာအုပ်နည်းပါးခြင်းကို အမြဲညည်းတွားလေ့ရှိသူလည်း ဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်စာအုပ်တွင် ပါဝင်သောသူများသည် သူနှင့် ရင်းနှီး သိကျွမ်းသူများ၊ ဆရာသမားများ၊ မျက်နှာပူရမည့်သူများဖြစ်လင့်ကစား ၂၀၁၀-၂၀၁၆ ကာလ အစိုးရအတွင်းက အဖြစ်အပျက်များကို မြန်မာနိုင်ငံရေး စိတ်ဝင်စားသူတိုင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်ရန်အတွက် ဘာသာပြန်ခြင်းဖြစ်ကြောင်း ကျွန်တော့်ကို ရှင်းပြခဲ့ပါသည်။

ဤနေရာတွင် ကျွန်တော့်စာအုပ်ပါ အဓိကဇာတ်ကောင်နှစ်ဦးဖြစ်သည့် ဦးသိန်းစိန်နှင့် သူရဦးရွှေမန်း နှစ်ဦးနှင့် ကျွန်တော့်ဆက်ဆံရေးကို ရှင်းပြလိုပါသည်။ သမ္မတဦးသိန်းစိန်၏ ပြောရေးဆိုခွင့်ရှိသူအဖြစ်လည်းကောင်း၊ ပြန်ကြားရေးဒုတိယဝန်ကြီး၊ ဝန်ကြီးအဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည့်အတွက် ဦးသိန်းစိန်သည် ကျွန်တော် တပ်မတော်သားဘဝက အထက်အရာရှိ ဆရာသမားဖြစ်ခဲ့သည်ဟု ထင်မြင်ယူဆသူ အတော်များပါသည်။ အဖြစ်မှန်မှာ ကျွန်တော့်အနေဖြင့် တပ်မတော်သားဘဝတွင် လည်းကောင်း၊ နယ်ဘက် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်ဘဝတွင် လည်းကောင်း ဦးသိန်းစိန်လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့ခြင်းလည်း မရှိသလို နီးကပ်သော ဆက်ဆံရေးလည်း မရှိခဲ့ပါ။ ဦးသိန်းစိန်နှင့် အနီးကပ် ထိတွေ့ဖူးသည်ဟု ဆိုနိုင်သည့် အတွေ့အကြုံမှာ နာဂစ်မုန်တိုင်းလွန်ကာလတွင် ဝန်ကြီးချုပ် ဦးသိန်းစိန်ကို သတင်းထုတ်ပြန်ရေးနှင့် ပတ်သက်ပြီး တင်ပြရသည့် အချိန်သာဖြစ်ပြီး ထိုကဲ့သို့ တင်ပြရသည့် အခြေအနေမှာလည်း လက်ချိုးရေတွက်လို့ရသည်အထိ နည်းပါးလှပါသည်။

ဦးရွှေမန်းနှင့် ဆက်ဆံရေးမှာမူ ဦးရွှေမန်းက အမှတ် (၆) ခြေမြန်တပ်ရင်း ဒုတိယတပ်ရင်းမှူး ကျွန်တော်က အမှတ် (၄၄) ခြေမြန်တပ်မဌာနချုပ် စစ်ဦးစီးမှူး (တတိယတန်း) တာဝန် ထမ်းဆောင်စဉ်ကပင် စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဦးရွှေမန်း ကချင်ပြည်နယ် မိုးကောင်းမြို့ အခြေစိုက် အမှတ် (၃) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှူးအဖြစ် တာဝန် ထမ်းဆောင်ချိန်တွင် ကျွန်တော့်အထက်အရာရှိဖြစ်သည့် မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်စောလွင်မှာ အမှတ် (၁၀၉) ခြေမြန်တပ်ရင်းတွင် ဦးရွှေမန်းနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့်အတွက် သူတို့နှစ်ဦးကြားဆက်ဆံရေးကိစ္စများတွင် ကျွန်တော်က တာဝန်ယူ လုပ်ဆောင်ပေးခဲ့ရခြင်းကြောင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှုများ ရှိခဲ့ပါသည်။

ကျွန်တော့်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ ခေါ်ယူ တာဝန်ပေးခဲ့သည်မှာလည်း ဦးရွှေမန်းပင် ဖြစ်ပါသည်။ အချို့က ကျွန်တော်က တင်ပြသည့်အတွက် ဦးရွှေမန်းက ပြန်ကြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ပေးခဲ့သည်ဟု ပြောဆိုနေကြခြင်းမှာ လုံးဝ မှားယွင်းပါသည်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်ကြားတွင် ဦးရွှေမန်းကို သူ့ရုံးခန်းတွင် နှစ်ကြိမ်သာ တွေ့ဆုံခွင့်ရခဲ့ပြီး ထိုအချိန်က ကျွန်တော် တင်ပြခဲ့သည့် တစ်ခုတည်းသောအချက်မှာ ကျွန်တော် တာဝန်ထမ်းဆောင်နေသည့် သင်တန်းကျောင်းအတွက် အဝီစိတွင်းတူးဖော်ခွင့်ရရှိရေးပင်ဖြစ်ပြီး ကိုယ်ရေးကိုယ်တာနှင့် နယ်ဘက် ပြောင်းရွှေ့ရေးစသည့် အချက်များကို လုံးဝပြောကြားခဲ့ခြင်း မရှိခဲ့ပါ။ ကျွန်တော့်ကို ပြန်ကြား ရေးဝန်ကြီးဌာနသို့ခေါ် ယူတာဝန်ပေးခြင်းမှာလည်း ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဖယ်ရှားပြီးနောက် နယကအဖွဲ့၏ တတိယအာဏာအရှိဆုံးလူ ဖြစ်လာချိန်တွင် ဦးရွှေမန်းက သူ့လူများကို အရပ်ဘက်ဝန်ကြီးဌာနများသို့ ရွှေ့ပြောင်းနေရာချထားပေးသည့် အစီအစဉ်၏ အကျိုးဆက်ပင် ဖြစ်မည်ဟု ယူဆပါသည်။ ဥပမာအားဖြင့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး လေးဦး (ဦးစိုးဝင်း၊ ဦးအောင်ငြိမ်း၊ ဦးအောင်မျိုးမြင့်နှင့် ဦးရဲထွဋ်)၊ ညွှန်ကြားရေးမှူး တစ်ဦး (ဦးတင့်ဆွေ) မှာ ဦးရွှေမန်းနှင့်အတူ တာဝန်ထမ်းဆောင်ဖူးသူ၊ ရင်းနှီးသူများ ဖြစ်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ချိန်တွင်လည်း ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းနှင့်အတူ နိုင်ငံရေးနှင့် လုံခြုံရေးအစည်းအဝေးများကို လိုက်ပါတက်ရောက်ရပြီး ဦးရွှေမန်း၏ နိုင်ငံရေးလုံခြုံရေးဆိုင်ရာ သုံးသပ်ချက်များ၊ ဆုံးဖြတ်ချက်များ၊ ခေါင်းဆောင်မှုပုံစံများကို လေ့လာခွင့်ရခဲ့ပါသည်။ တစ်ခါတစ်ရံတွင် ဦးရွှေမန်းက သူစိတ်ဝင်စားသည့် နိုင်ငံတကာရေးရာကိစ္စများနှင့် ပတ်သက်ပြီး ကျွန်တော့်ကို သီးခြားတာဝန်ပေး ပြုစုခိုင်းသည်များလည်း ရှိခဲ့ပါသည်။

ပွင့်ပွင့်လင်းလင်းဝန်ခံရလျှင် ဦးရွှေမန်းကို အနာဂတ်သမ္မတ သို့မဟုတ် ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စေလိုပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သူ့ကို ရွေးချယ်ခြင်းမပြုသည့်အခါ ဝမ်းနည်းသူများတွင် ကျွန်တော်လည်း ပါဝင်ခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးကို ပြစ်တင်စွပ်စွဲမှုများ ပြုလုပ်ရန် စတင်ကြိုးပမ်းစဉ်ကာလတွင်မှ ဦးရွှေမန်းသည် အာဏာနိုင်ငံရေးကို ကျင့်သုံးနေပြီဟု မြင်မိသည့်အတွက် သူ့အပေါ် ယုံကြည်မှု၊ လေးစားမှုများ စတင်လျော့ပါးလာခဲ့သည်။ တစ်ချိန်က ကျွန်တော်အပါအဝင် တပ်မတော်အရာရှိငယ်များ၊ အရာရှိကြီးများ နှစ်သက်လေးစားခဲ့သည့် ဦးရွှေမန်း၏ အပြုအမူ၊ အပြောအဆိုများသည် ဟန်ဆောင်မျက်နှာဖုံးမျှသာဖြစ်ပြီး သူ့ရည်မှန်းထားသည့်ရာထူးကို မရနိုင်ဘူးဟု သိလိုက်ရသည့်အချိန်တွင် ကွာကျလာခဲ့ပြီဟု ဝမ်းနည်းဖွယ်ရာ မြင်တွေ့လာခဲ့ရသည်။

ဤစာအုပ် နောက်ပိုင်း အခန်း (၇) တွင် ရေးသားခဲ့သည့် ဦးရွှေမန်း၏ နိုင်ငံရေး ကစားကွက်များကို မြင်လာရသည့်အခါတွင်မူ ဦးရွှေမန်း၏ ခေါင်းဆောင်မှုအပေါ် ယုံကြည် လေးစားမှုများမှာ လုံးဝ ပျောက်ဆုံးသွားခဲ့ပါတော့သည်။

ကျွန်တော့်စာအုပ်အမည်တွင် ဖော်ပြထားသည့် လက်လွတ်ဆုံးရှုံးခဲ့သော အခွင့်အလမ်း (Lost Opportunities) ဆိုသည်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ရွေးကောက်ပွဲ ရှုံးနိမ့်ရခြင်း တစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ပါ။ ဒီမိုကရေစီ နည်းကျ ရွေးကောက်ပွဲများမှ မည်သည့်ပါတီ အာဏာရလာသည်ဖြစ်စေ မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို တည်တည်ငြိမ်ငြိမ် ခရီးဆက်နိုင်ဖို့ လိုအပ်သည့် အင်စတီကျူးရှင်းများ ခိုင်မာရေးကို ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ လက်လွတ် ဆုံးရှုံးခဲ့ရခြင်းကိုလည်း ဆိုလိုပါသည်။ ထိုကဲ့သို့ အင်စတီကျူးရှင်းများကို ခိုင်မာအောင် တည်ဆောက်နိုင်ခွင့် လက်လွတ်ဆုံးရှုံးခဲ့ရခြင်း၏ အကျိုးဆက်များကို ယခုအချိန်အထိ တွေ့မြင်နေရဆဲ ဖြစ်ပါသည်။

ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သည့် အစိုးရအဖွဲ့၏ အောင်မြင်မှုအကြောင်း ရေးရသည်မှာ အခက်အခဲမရှိသော်လည်း အားနည်းချက်များအကြောင်း ရေးရသည်မှာ အတော်ခက်ခဲပါသည်။ မိမိ ပုဂ္ဂလိက ခံစားချက်သက်သက်ဖြင့် ရေးသားသည်ဟု ဝေဖန်မှု မခံရစေရန်အတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ အခြေခံဥပဒေရေးဆွဲရေးနှင့် ပြည်ခိုင်ဖြိုးပါတီ တည်ဆောက်ရေးတွင် အတွင်းကျကျ ပါဝင်ခဲ့သူများကို တွေ့ဆုံ မေးမြန်းခဲ့ရပါသည်။ တွေ့ဆုံမေးမြန်းမှု ၂၆ ခုကိုသာ ပြောကြားသူအမည်ကို ဖော်ပြခွင့်ရခဲ့ပြီး ၄၄ ခုကိုမူ နံပါတ်စဉ်ဖြင့်သာ ဖော်ပြခွင့်ရခဲ့ပါသည်။ ထိုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သူ အားလုံး၏ ပြောကြားချက်များမှာ တစ်ဆင့်ခံ ပြောကြားချက်များ မဟုတ်ဘဲ ၎င်းတို့ ကိုယ်တိုင် တွေ့မြင်ခဲ့၊ ပြောကြားခဲ့၊ ဆွေးနွေးခဲ့သည့် အချက်များသာ ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ ရေးသား ဖော်ပြချက်များ၊ လုံခြုံမှု အဆင့်သတ်မှတ်ချက်မရှိသည့် ဌာနဆိုင်ရာမှတ်တမ်းများကိုလည်း ကိုးကား ရေးသားခဲ့ပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသည့် အချို့အချက်များမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအစိုးရ အသီးသီးကာလ ကန့်လန့်ကာ နောက်ကွယ်မှ အဖြစ်အပျက်များ ဖြစ်ပါသည်။ သို့သော် အဓိကပုဂ္ဂိုလ်များဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း) နှင့် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး (ငြိမ်း) တို့က တွေ့ဆုံမေးမြန်းခွင့်ကို ငြင်းပယ်ခဲ့ပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်း (ငြိမ်း) ကမူ သူ ရှင်းပြလိုသည့် အချက်များကိုသာ ၁၅ မိနစ်ခန့် ရှင်းပြကာ မေးခွန်းမေးခွင့် မပြုသည့်အတွက် လိုအပ်ချက်များလည်း

ရှိနိုင်ပါသည်။ ထို့ပြင် တွေ့ဆုံမေးမြန်းခဲ့သူများ၏ မှတ်တမ်းမှတ်ရာလွဲမှားမှု၊ ပုဂ္ဂလိကခံစားချက် လွန်ကဲမှုများကြောင့် ကွဲလွဲမှုများလည်း ရှိနိုင်ပါသည်။ ထိုကဲ့သို့သော အချက်အလက်များ ရှိပါကလည်း ဝေဖန်ထောက်ပြရန် ဖိတ်ခေါ်ပါသည်။ ဤကဲ့သို့ အပြန်အလှန် ဝေဖန် ဆွေးနွေးခြင်းဖြင့် မြန်မာနိုင်ငံရေး အပြောင်းအလဲကာလ (၂၀၁၀-၂၀၁၆)နှင့် ပတ်သက်ပြီး ပိုမိုပြည့်စုံသည့် အချက်အလက်များ ပေါ်ပေါက်စေရေးအတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါသည်။

နောက်ဆုံးအနေဖြင့် ဘာသာပြန်စာအုပ်တွင် ဖော်ပြထားသည့် အချက်အလက်များ လွဲမှားမှုရှိပါက မူရင်းစာရေးသူ ကျွန်တော်၏တာဝန်သာဖြစ်ပါကြောင်း ထပ်လောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်။

ရဲထွဋ်
၇ ဇူလိုင် ၂၀၂၀

ရောဘတ်တေလာ၏ အမှာစာ

မြန်မာနိုင်ငံ၏အကြောင်းရေးသားထားသည့် စာအုပ်များတွင် ဖတ်ရှုရခဲသော စာအုပ်တစ်အုပ်ကို စာရေးသူ "ရဲထွဋ်"က ရေးသားထုတ်ဝေလိုက်ပြီ ဖြစ်သည်။ အစိုးရ အပြောင်းအလဲနှင့်အတူ ပြန်ကြားရေးဝန်ကြီးတာဝန် ပြီးဆုံးသွားခဲ့ပြီး မကြာခင်မှာပင် သူ တာဝန် ထမ်းဆောင်ခဲ့သော အစိုးရအဖွဲ့အတွင်းမှ ဖြစ်စဉ်အချို့ကို သူ့စာအုပ်တွင် ထည့်သွင်းရေးသားထားသည်ကို တွေ့ရ၏။ ရဲထွဋ်ကဲ့သို့ အစိုးရအဖွဲ့အတွင်း ထဲထဲဝင်ဝင် တာဝန် ထမ်းဆောင်ခဲ့သူတစ်ဦးက မြန်မာအစိုးရအဖွဲ့အတွင်း လုပ်ပုံကိုင်ပုံ ဖြစ်ပျက်ခဲ့ပုံများနှင့် ပတ်သက်ပြီး အတွင်းလူတစ်ဦး၏အမြင်ဖြင့် ဝေဖန်ရေးသားသည့် စာအုပ်မျိုးမှာ မြန်မာနိုင်ငံရေး စာအုပ်များတွင် မရှိသလောက် ရှားပေသည်။ တကယ်တော့ ရဲထွဋ်သည် ၂၀၁၁ ခုနှစ် သမ္မတဦးသိန်းစိန်၏ အစိုးရမတိုင်မီ စစ်အစိုးရလက်ထက်တွင် အဆင့်မြင့်တာဝန်များ ထမ်းဆောင်ရခြင်း မရှိသေးပေ။ တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန် ထမ်းဆောင်ခဲ့ပြီးနောက် အခြားတပ်မတော်အရာရှိများနှင့် မတူဘဲ စောစီးစွာပင် နယ်ဘက်တာဝန်များကို ပြောင်းလဲထမ်းဆောင်ခဲ့ရသူတစ်ဦး ဖြစ်သည်။

ဦးသိန်းစိန်အစိုးရလက်ထက် ရောက်သည့်အခါတွင် လျှင်မြန်စွာ ရာထူးတိုးမြှင့်လာခဲ့ရာ ၂၀၁၃ ခုနှစ်တွင် သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်ခြင်းခံရပြီးနောက် တစ်နှစ်အကြာတွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ မြန်မာနိုင်ငံကဲ့သို့ စစ်အုပ်ချုပ်ရေးမှ အခြေခံဥပဒေအရ အုပ်ချုပ်သည့် အရပ်ဘက်အုပ်ချုပ်ရေးစနစ် အကူးအပြောင်းကာလ စပ်ကူးမပ်ကူးအချိန်အတွက် သူ့ အရည်အချင်းနှင့် ကျွမ်းကျင်မှုများကို အမှန်တကယ် လိုအပ်ပေသည်။

ထို့ပြင် ရဲထွဋ်၏စာအုပ်သည် ဦးသိန်းစိန်အစိုးရအတွင်း ကိုယ်တိုင် တာဝန်ထမ်းဆောင်ခဲ့ရသည့် သူတစ်ဦးတည်း၏ ပုဂ္ဂလိက လေ့လာတွေ့ရှိမှုအမြင်မျှသာ မဟုတ်ပေ။ အဆိုပါကာလများအတွင်း နိုင်ငံအတွက် အရေးကြီးသည့် ဆုံးဖြတ်ချက်များကို ကိုယ်တိုင်ချမှတ်ခဲ့ရသူများ အပါအဝင် သူ့ထက်ပိုပြီး အတွင်းကျကျ ဆက်နွှယ်ပတ်သက်သူ တာဝန်ရှိသူ ထိပ်တန်းပုဂ္ဂိုလ်အားလုံးကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ တွေ့ဆုံမေးမြန်းပြီး ရေးသားထားခြင်း ဖြစ်သဖြင့် သူ့သုံးသပ်ချက်များကို အခြားသူများ၏ ရှုထောင့်များကိုပါ ပေါင်းစပ်ပြီး လေ့လာခွင့်ရမည် ဖြစ်သည်။ ရဲထွဋ်သည် အုပ်ချုပ်ရေးဆိုင်ရာ ကျွမ်းကျင်မှုကြောင့်သာမက ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်ပြီး မတူသည့်အမြင်များကို နားထောင်တတ်သူတစ်ဦး အဖြစ် အများက အသိအမှတ်ပြုခံရခြင်းကြောင့် သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်ခံရပြီး အစိုးရ၏ အတွင်းရေးကိစ္စတွေကို ပိုသိခွင့်ရလာခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ ပြည်ပနှင့်ပြည်တွင်းမှ လေ့လာစောင့်ကြည့်သူ အတော်များများအနေဖြင့် ရဲထွဋ်၏ နိုင်ငံ့ဝန်ထမ်းဘဝမှ ဝန်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်ကာလအတွင်း တွေ့ကြုံခဲ့ရသည့် အစိုးရအဖွဲ့တွင်းက အဖြစ်အပျက်များကို ယခင်က ကြားဖူးကြမည် မဟုတ်ပေ။

ရဲထွဋ်၏ ဘဝနောက်ကြောင်းမှာ သူ့အရွယ် သူ့ရာထူးနေရာတွင် ရှိနေသည့် မြန်မာလူငယ်များ ကဲ့သို့ပင် ထူးထူးခြားခြား မရှိလှသော ဘဝပင် ဖြစ်ပါသည်။ သူ့ကို ၁၉၅၉ ခုနှစ်တွင် မွေးဖွားခဲ့ပြီး သူ့ဖခင် ဦးရွှေသန်းသည် ဗြိတိသျှ ဆင်းဟတ်စ်ဘုရင့်စစ်တက္ကသိုလ်ဆင်း တပ်မတော်အရာရှိကြီးတစ်ဦး ဖြစ်သည်။ ဦးရွှေသန်းသည် တပ်မတော်အတွင်း နိုင်ငံအနှံ့ တာဝန်ထမ်းဆောင်ပြီးနောက် ၁၉၇၀ ပြည့်နှစ်များတွင် ပထမဦးစွာ ဒုတိယရဲချုပ်အဖြစ်၊ ထို့နောက် ရဲချုပ်အဖြစ် ဗိုလ်ချုပ်ကြီးနေဝင်းက တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ထို့နောက် ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးရွှေသန်းကို မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလိုင်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ ခန့်အပ်ခဲ့သည်။

ရဲထွဋ်သည် တပ်မတော်အရာရှိကြီးတစ်ဦး၏ မိသားစုမှ ကြီးပြင်းပေါက်ဖွားလာသူ ဖြစ်သည့် အားလျော်စွာ လူငယ်ဘဝတစ်လျှောက်လုံး တပ်မတော်အတွင်း အဖြစ်အပျက်များနှင့် ထိုစဉ်က တပ်မတော်သားများ လွှမ်းမိုးထားသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအတွင်းက စိတ်ဝင်စားဖွယ် အကြောင်းအရာများကို သတိထား လေ့လာစရာမလိုဘဲ သိမြင်၊ တွေ့ကြုံ နားရည်ဝခဲ့ရသူတစ်ဦးလည်း ဖြစ်ပေသည်။ ထိုစဉ်က ကျောင်းသင်ရိုးတွင် အားမပေးတော့သော အင်္ဂလိပ်ဘာသာကို ဖတ်နိုင်၊ ရေးနိုင်၊ ပြောနိုင်သောအဆင့် ရောက်လာသည်မှာလည်း သူ့ဖခင်ကျေးဇူးကြောင့်ပင် ဖြစ်သည်။

ရဲထွဋ်သည် စစ်တက္ကသိုလ် (မေမြို့) တက်ရောက်ခွင့်ကို ဒုတိယအကြိမ် ဖြေဆိုပြီးမှ အပတ်စဉ် ၂၂ တွင် ဝင်ခွင့်ရခဲ့သူ ဖြစ်သည်။ ၁၉၈၁ ခုနှစ်တွင် ကျောင်းဆင်းခဲ့ရာ ပထမဦးစွာ ကေအင်န်ယူ၊ ကေအင်န် အယ်လ်အေတို့နှင့် အကြီးအကျယ် စစ်ဆင်ရေး ဆင်နွှဲနေသော ကရင်ပြည်နယ်တွင် တာဝန်ကျခဲ့သည်။ ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်အစိုးရ၏ စီးပွားရေးမှာ တစ်စတစ်စ ယိုယွင်းပျက်စီးလာနေပြီး ကေအင်န် အယ်လ်အေ/ကေအင်န်ယူတို့သည် နယ်စပ် မှောင်ခိုကုန်သွယ်ရေးကို အကြီးအကျယ် ပြုလုပ်နေချိန်လည်း ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များတွင် ဖြစ်ပွားခဲ့သည့် နယ်စပ်ဒေသ ပြင်းထန်သော တိုက်ပွဲများကြောင့် ဒုက္ခသည်များသည် အိမ်နီးချင်း ထိုင်းနိုင်ငံအတွင်း အများအပြား ဝင်ရောက်ခဲ့ကြသည့် အချိန် ဖြစ်သည်။

တပ်မတော်အရာရှိတစ်ဦးအဖြစ် ပုံမှန် ရာထူး တိုးမြှင့်၊ တာဝန် ပြောင်းရွှေ့ထမ်းဆောင်ခြင်းများ အတွင်း ရဲထွဋ်သည် တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့သို့ ပြောင်းရွှေ့ အမှုထမ်းဆောင်ခဲ့သည်။ သူ့ကို အမေရိကန်နိုင်ငံ Fort Bragg တွင် စစ်ဘက်ဆိုင်ရာသင်တန်း တက်ရောက်ရန် ရွေးချယ်ခြင်းခံခဲ့ရသော်လည်း ၁၉၈၈ ခုနှစ် တပ်မတော်၏ အာဏာသိမ်းမှုနောက်ပိုင်း အမေရိကန်နိုင်ငံဘက်မှ ထိုသင်တန်းအစီအစဉ်များကို ပယ်ဖျက်ခဲ့သဖြင့် မတက်ရောက်ဖြစ်ခဲ့ပေ။ ၂၀၀၂ ခုနှစ်တွင် ရှမ်းပြည်တောင်ပိုင်းရှိ တပ်မတော် တန်းမြင့် စစ်ပညာသင်တန်းကျောင်းတွင် နည်းပြချုပ်အဖြစ် နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့ပြီး ထိုကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ရသည့် ကာလသည် ရဲထွဋ်အတွက် သူစိတ်ဝင်စားသည့် သင်ကြားခြင်းနှင့် စာရေးစာဖတ်အလုပ်ကို စိတ်တိုင်းကျ လုပ်နိုင်ခဲ့သည့်ကာလ ဖြစ်ပေသည်။ ထိုကာလအတွင်း တပ်မတော်မှ ထုတ်ဝေသည့် စစ်ပညာဂျာနယ်တွင် ဆောင်းပါးပေါင်းများစွာ ရေးဖြစ်ခဲ့သည်။

ထို့နောက် သူ၏စစ်မှုထမ်းဘဝသည် ထိုမျှနှင့်ပင် အဆုံးသတ်ခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြန်လည်နေရာချ တာဝန်ပေးအပ်ခြင်း ခံရသည်။ ကျွန်တော်နှင့်သူ စတင် တွေ့ဆုံသိကျွမ်းကြသည့်အချိန်သည် ထိုကာလတွင်ဖြစ်ပြီး သူက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေချိန် ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီး သူနှင့်ပတ်သက်ဆက်နွှယ်သော တပ်မတော်အတွင်းနှင့်အစိုးရအတွင်းမှအဆက်အသွယ်အားလုံးကို ရှင်းလင်းခဲ့ပြီးနောက် ၁၉၈၉ ခုနှစ် နောက်ပိုင်းကတည်းက တပ်မတော်ထောက်လှမ်းရေး (နောင် စစ်မဟာဗျူဟာလေ့လာရေးဌာနကြီး) မှ အရာရှိများနှင့် သီးသန့်တာဝန်ပေးထားသည့် ဝန်ကြီးများသာ ဆောင်ရွက်ရသည့်၊ နိုင်ငံခြားသားများနှင့် ဆက်ဆံရသည့်အလုပ်ကို ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းအား တာဝန်ပေးခဲ့သည်။ ထိုမတိုင်မီက နိုင်ငံခြားသား ပညာရှင်တစ်ယောက်အတွက် အစိုးရနှင့် ဆက်သွယ်ခွင့်ရရန်မှာ အခွင့်ရကာမှပင်ရခဲရာ အလွန့်အလွန်ပင် ကန့်သတ်ချက်များလှပေသည်။

ဝန်ကြီးဦးကျော်ဆန်းနှင့် တွေ့ဆုံခွင့်ရပြီးနောက် သူသည် အံ့ဩစရာကောင်းလောက်အောင် ကူညီတတ်သူတစ်ဦးဖြစ်ကြောင်း သိလာရသည်။ အစိုးရဝန်ကြီးဌာနများစွာမှ ခွင့်ပြုချက်ကို ချက်ချင်းရခဲ့ပြီး ကျွန်တော်နှင့် မြန်မာမိတ်ဆွေတစ်ဦးတို့ ထိုစဉ်က ကန့်သတ်ထားသည့် ချင်းပြည်နယ်သို့ သွားရောက်ခွင့် ရခဲ့သည်။ ရဲထွဋ်နှင့် ကျွန်တော့်ကို ဝန်ကြီးက မိတ်ဆက်ပေးခြင်း ဖြစ်ပါသည်။ ရဲထွဋ်က ကျွန်တော့်ကို သတင်းထုတ်ပြန်ရေးကော်မတီတွင် သူထမ်းဆောင်ရသည့်တာဝန်ကို အိတ်သွန်ဖာမှောက် ရှင်းပြခဲ့သည်။ ကျွန်တော် တွေ့ခဲ့ရဖူးသည့် နိုင်ငံခြားသားများနှင့် တွေ့လျှင် မပြောရဲမဆိုရဲ ဖြစ်နေတတ်သည့် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်စာလျှင် ရဲထွဋ်သည် များစွာ ပိုမိုရင်းနှီးပွင့်လင်းမှု ရှိပေသည်။

၁၉၈၉ ခုနှစ်မှ စတင်ပြီး တွေ့ကြုံဆက်ဆံခဲ့ရသည့် သူနှင့်အဆင့်တူ မြန်မာအရာရှိများနှင့် ကွဲပြားခြားနားနေသည့် ရဲထွဋ်မှာ မြန်မာနိုင်ငံ၏ နောင်လာလတ္တံ့သော အပြောင်းအလဲများ၏ ရှေ့ပြေးနိမိတ်ပုံစံသစ် ဖြစ်ခဲ့သည်။ သူသည် နောက်နောက်ပြောင်ပြောင် နေတတ်ပြီး ဟာသဉာဏ်လည်း အလွန်ရွှင်သူ ဖြစ်သကဲ့သို့ ဘယ်နေရာတွင် ဘာပဲဖြစ်ဖြစ် စိတ်ဝင်တစား စပ်စပ်စုစု ရှိလှသူလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျွန်တော် တွေ့ဆုံခဲ့ရသူများထဲတွင် အစိုးရ၏သတင်းများ၊ စီမံကိန်းများနှင့် ပတ်သက်ပြီး နိုင်ငံခြားသားများနှင့် ဆက်ဆံပြောဆိုရာတွင် ဘောင်မလွတ်ဘဲ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်နှင့် ပြောဆိုနိုင်သည့်၊ အစိုးရဌာနများတွင် ရှားရှားပါးပါး တွေ့ရခဲသည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပါသည်။ သူနှင့် ဝန်ကြီးဌာနရုံးခန်းတွင် ပထမဦးဆုံး တွေ့ဆုံခဲ့ရရာတွင် လွန်ခဲ့သည့်နှစ် ၂၀ က ကျွန်တော် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်စဉ်က သူငယ်ချင်းများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ရသလို ပြန်ခံစားခဲ့ပြီး တစ်မုဟုတ်ချင်း ရင်းနှီးသည့် မိတ်ဆွေများ ဖြစ်သွားခဲ့ရသည်ဟု ဆိုချင်သည်။

ထိုနောက်ပိုင်းနှစ်များတွင် ရဲထွဋ်နှင့် ကျွန်တော် အခါအားလျော်စွာ အလုပ်ကိစ္စနှင့်သာမက အလွတ်သဘောပါ တွေ့ဆုံဖြစ်သည်။ ကျွန်တော်က သူ အာသာငမ်းငမ်း ဖတ်တတ်သည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောစာအုပ်များ နိုင်ငံခြားမှ မကြာခဏ ဝယ်လာပေးဖြစ်သလို တစ်ခါတစ်ရံလည်း သူလိုချင်သည့် အနောက်နိုင်ငံများ၏ နိုင်ငံရေးစနစ် အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် ပတ်သက်သည့် စာအုပ်များကို ကျွန်တော့်ကို မှာတတ်သည်။ ကျွန်တော် ဝယ်ပေးခဲ့သော စာအုပ်များအနက် မှတ်မှတ်ရရ စာအုပ်နှစ်အုပ်မှာ William Riordan ၏ 1905 classic Plunkitt of Tammany Hall: A series of Very Pain Talk on Very Practical Politics နှင့် Robert Dahl ၏ How Democratic Is the American Constitution? (2002) တို့ ဖြစ်သည်။

နှစ်အနည်းငယ်အကြာ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံနှင့် ဆက်ဆံရေးများ ပြန်လည် စတင်ရန် ဆောင်ရွက်လာသည့်အခါတွင် အမေရိကန်သံရုံး အရာရှိတစ်ဦးက ရဲထွဋ်ကို အမေရိကန်ဒီမိုကရေစီနှင့် ပတ်သက်ပြီး ဘာများဖတ်ဖူးပါသလဲဟု မေးလာခဲ့သည်ဟု ဆိုသည်။ သူက"အမေရိကန်ဒီမိုကရေစီနှင့် ပတ်သက်ပြီး သူသိသမျှမှာ ဆရာကြီး မစ္စတာရောဘတ်တေလာ ပေးခဲ့သည့် စာအုပ်များမှ လေ့လာထား

ခြင်းသာ ဖြစ်သည်"ဟု ခြေခံရာထိုသံအရာရှိက"ခင်များတော့ တလွဲစာအုပ်တွေ ဖတ်မိနေပြီ"ဟု ချက်ချင်းပင် ပြန်ပြောခဲ့သည်ဟု ပြန်ကြားသိခဲ့ရသည်။ ထိုစာအုပ်များသာမက တရုတ်ပြည်၊ အာဆီယံနှင့် အခြား ခေတ်ပေါ် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာစာအုပ်များအပြင် ခေတ်ပေါ်ဝတ္ထုစာအုပ်များကိုလည်း ရဲထွဋ်ကို ကျွန်တော်ပေးခဲ့ဖူးပါသည်။

သည်စာအုပ်တွင် သူရေးသားထားသည့်အတိုင်းပင် ရဲထွဋ်သည် (FES) မှ ဒေါက်တာ ပေါလ် ပက်စ်ချ် ဂျာမန်သံအမတ်ကြီးဟောင်း ဦး ခရစ်တီယန် ဟော့စ်ဝက်ဒဲလ်တို့နှင့် လမ်းကြောင်း-နှစ် သံတမန်ဆွေးနွေးပွဲများစွာတွင် ပါဝင်ဖူးသကဲ့သို့ (Myanmar ISIS) မှ ကမကထပြုလုပ်သည့် မြန်မာနိုင်ငံက ရည်ရွယ်ထားခဲ့သည့် နိုင်ငံရေးလမ်းကြောင်းနှင့် ဆက်စပ်သည့် ပြဿနာများနှင့် ပတ်သက်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်များက နားလည်မှု ရရှိရန်ကြိုးစားခဲ့သည့် လေ့လာရေးခရီးစဉ်များတွင်လည်း ပါဝင်ခဲ့သူ ဖြစ်သည်။ အကယ်၍သာ အမေရိကန်လုပ်သည့်အတိုင်း လိုက်လုပ်နေသည့် ဥရောပနိုင်ငံများကိုသာ စီးပွားရေးပိတ်ဆို့မှုများကို ပြေလျော့ပေးရန် ဆွဲဆောင်စည်းရုံးနိုင်ပါက ပြောင်းလဲမှုသည် အလျင်အမြန် ဖြစ်ပေါ်လာနိုင်မည် ဖြစ်ပေသည်။ ကျွန်တော်သည် ထိုဥရောပသမဂ္ဂက စေလွှတ်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့များတွင် ပါဝင်ခဲ့ပြီး ရဲထွဋ်နှင့် Myanmar-ISIS အဖွဲ့ခေါင်းဆောင်များနှင့်အတူ တရုတ်နယ်စပ် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့များ၏ နယ်မြေများတွင် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို သွားရောက်လေ့လာခဲ့ရသကဲ့သို့၊ နီးနှောဖလှယ်ပွဲများတွင် အစိုးရအပြင်မှ လူများသာမက အစိုးရအတွင်းမှ သက်ဆိုင်သည့် လူများနှင့်လည်း အမြင်ချင်း ဖလှယ်ခဲ့ရသည်။ ထိုခရီးစဉ်များနှင့် နီးနှောဖလှယ်ပွဲများတွင် မေးမြန်းလျှင် ဖြေကြားရန် လိုလိုလားလား မရှိလှသည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက လိုက်ပါလေ့ရှိသည့် ပုဂ္ဂိုလ်များနှင့် မတူဘဲ ရဲထွဋ်သည် ဥရောပနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အမြင်ချင်းဖလှယ်ရန် အမြဲ စိတ်ပါလက်ပါ ရှိသူ ဖြစ်သဖြင့် အားလုံးအတွက် အသုံးဝင်သော သတင်းအချက်အလက်များကို ပေးနိုင်သည့်သူတစ်ဦး ဖြစ်လာခဲ့သည်။

၂၀၀၅ ခုနှစ်တွင် အစိုးရရုံးစိုက်ရာကို နေပြည်တော်သို့ ရွှေ့ပြောင်းပြီးချိန်မှစပြီး ကျွန်တော့်အနေဖြင့် အခါအားလျော်စွာ ဝန်ကြီးဦးကျော်ဆန်းနှင့် တွေ့ဆုံရန် သွားရောက်သည့်အခါတိုင်း ဝန်ကြီးနှင့်တွေ့ပြီးက ရဲထွဋ်နှင့် မပျက်မကွက် တွေ့ဆုံမြဲဖြစ်သည်။ သို့ရာတွင် ရွေးကောက်ပွဲအပြီး သမ္မတဦးသိန်းစိန် အစိုးရ တာဝန်ယူပြီးနောက်ပိုင်း ရဲထွဋ်ကဲ့သို့ အရာရှိကြီးများနှင့် ဝန်ကြီးများသည် ပို၍ပို၍ မအားလပ်ကြတော့ဘဲ ကျွန်တော်ကဲ့သို့ ခြေသလုံးအိမ်တိုင် သွားနေတတ်သူ တက္ကသိုလ်ဆရာဟောင်းတစ်ယောက်အတွက် သူနှင့် တွေ့ဆုံသည့်အကြိမ် နည်းသွားပြီး တွေ့သည့်အခါလည်း ခဏတာမျှသာ အချိန်ရတော့သည်။ ထို့ကြောင့် ရဲထွဋ်၏စာအုပ်တွင် ဖွင့်ချရေးသားထားချက်များမှာ အခြားသူများလိုပင် ကျွန်တော့်အတွက်လည်း မကြားဖူး မကြုံဖူးသော အဖြစ်အပျက်များ ဖြစ်သည်။

ဒီဗီသာပြုပြင်ပြောင်းလဲရေး အစီအစဉ် အရှိန်ရလာသည့်အခါ သူ၏ အဓိကကျသည့် အခန်းကဏ္ဍသည် ပိုင်မာလာခဲ့ပြီး ရဲထွဋ်သည် ဦးသိန်းစိန်၏ အစိုးရအဖွဲ့တွင် မပါမဖြစ်ဟု ထင်ရသည့် လူသိများလှသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ပြန်/ဆက် ညွှန်ချုပ်အဖြစ် တိုးမြှင့်ခန့်အပ်ခံရပြီး ၂၀၁၂ ခုနှစ် ဦးအောင်ကြည် ဝန်ကြီးဖြစ်လာချိန်တွင် သူ ဒုတိယဝန်ကြီး ဖြစ်လာခဲ့သည်။ သူ့စာအုပ်တွင် သူရှင်းပြထားခဲ့သည့်အတိုင်း ဝန်ကြီး ဦးအောင်ကြည် နုတ်ထွက်သွားချိန် ၂၀၁၄ ဩဂုတ်လ ၁ ရက်နေ့တွင် ရဲထွဋ်သည် ပြန်ကြားရေးဝန်ကြီး ဖြစ်လာခဲ့သည်။ ထိုမတိုင်မီ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကတည်းက သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် သူ တာဝန်ထမ်းဆောင်နေခဲ့ပြီး ဖြစ်သည်။

၁၉၈၈ နောက်ပိုင်း မြန်မာ့နိုင်ငံရေးအကြောင်း ယခုမှ စတင် လေ့လာသူများသာမက အတိုင်းအတာတစ်ခုအထိ လေ့လာဖူးသူများရော၊ မြန်မာ့အရေး ပညာရှင်များပါ ယခုစာအုပ်ပါ အကြောင်းအရာများကို ကြားဖူးကြမည် မဟုတ်ပေ။

အခန်း (၁) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) ကို အချိန်များစွာယူပြီး ပြုစုရေးသားခဲ့ရသည့် အကြောင်းအရာများကို ဖော်ပြထားသည်။ အခန်း (၂) တွင် အခြေခံဥပဒေတွင် အသေးအနက် မစဉ်းစားဘဲ ထည့်သွင်းခဲ့သည့် ပြဋ္ဌာန်းချက်သုံးခုကြောင့် သမ္မတအတွက် အခက်အခဲ အကျပ်အတည်း တွေ့ခဲ့ရသည့် ဖြစ်စဉ်များကို ဖော်ပြထားသည်။ အတော်များများက ဖွဲ့စည်းပုံအခြေခံဥပဒေပါ တပ်မတော်၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး အလေးထား ပြောနေကြသော်လည်း အခြေခံဥပဒေပါ ပါတီနှင့် လွှတ်တော်ဆိုင်ရာ ပြဋ္ဌာန်းချက်များကြောင့် သမ္မတ၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်သလို ဖြစ်နေသည့်အချက်များကို သတိမမူမိကြပေ။ ယခုစာအုပ်တွင်မှ ထိုအချက်များသည် တပ်မတော်က ဆက်လက်ပါဝင်နေသည့် အခြေခံဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရသည့် သမ္မတဦးသိန်းစိန်၏ ကနဦးပြုပြင်ပြောင်းလဲမှုများအပေါ် အရေးပါသည့် အကျိုးသက်ရောက်မှုများ ရှိသည်ကို တွေ့ရမည် ဖြစ်သည်။

သည်စာအုပ်မထွက်ခင်က တပ်မတော်က ဖွဲ့စည်းပေးလိုက်ပြီး ကျောထောက်နောက်ခံ ပြုထားသည့် ပြည်ခိုင်ဖြိုးအသင်း၊ ထို့နောက် ပြည်ခိုင်ဖြိုးပါတီနှင့် ပတ်သက်ပြီး အနည်းငယ်က သိခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီ အနိုင်ရရှိပြီးနောက် သမ္မတဦးသိန်းစိန်၏ အစိုးရသည် မြန်မာနိုင်ငံ၏ဥပဒေအရ တရားဝင်ဖွဲ့စည်းနိုင်သည့် အစိုးရဖြစ်လာခဲ့သည်။ ထို့အတွက် ပြည်ခိုင်ဖြိုးပါတီ၏ စည်းရုံးစွမ်းဆောင်နိုင်မှုထက် ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲ ဝင်ခွင့်ကို တားမြစ်ထားသည့်အတွက် ရွေးကောက်ပွဲမဝင်ရန် ဆုံးဖြတ်ခဲ့သည့် အဓိက အတိုက်အခံပါတီဖြစ်သည့် အင်န်အယ်လ်ဒီပါတီ၏ ဆုံးဖြတ်ချက်ကို ပိုမို ကျေးဇူးတင်ရမည် ဖြစ်ပေသည်။ ထို့ကြောင့် အင်န်အယ်လ်ဒီ ပါဝင်လာခဲ့သော ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီသည် ပါသည်ဆိုရုံမျှသာ အနိုင်ရခဲ့ပြီး ကောင်းစွာ မလှုပ်ရှားနိုင်ခဲ့သည့် အခြေအနေ ရောက်သွားခဲ့သည်ကို တွေ့ရပေသည်။ မူလကတည်းက ပြည်ခိုင်ဖြိုးပါတီသည် နိုင်ငံရေးကို စစ်ဘက်ကဲ့သို့ တွေးခေါ် ဆောင်ရွက်မှု၏ အကျိုးဆက် ဆိုးကျိုး၊ မြန်မာတို့၏ အစဉ်အလာဖြစ်သည့် နိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်း ရောထွေး ဆောင်ရွက်တတ်မှု၊ ရှင်းလင်းပြတ်သားသည့် သဘောတရားရေးရာအမြင်မရှိမှုတို့ ရောထွေးပေါင်းစပ်မိသည့်အတွက် ဂိုဏ်းဂဏကွဲ မီးလောင်နေရသည့်အထဲတွင် ပါတီခေါင်းဆောင် သမ္မတကို အမည်ခံသာ ဖြစ်စေပြီး ပါတီကို ကွပ်ကဲမှု မပေးနိုင်ရန် တားမြစ်ထားမှုက လေပင့်လိုက်သောအခါ သမ္မတနိုင်ငံပုံစံ အခြေခံဥပဒေတွင် အများစုအနိုင်ရထားသည့် ပါတီခေါင်းဆောင်နေရာကို အခြားလူများက စိတ်ကူးယဉ် မျက်စောင်းထိုးနိုင်ရန် တံခါးဖွင့်ပေးလိုက်သလို ဖြစ်စေခဲ့သည်။

မက်ခီယာဗယ်လစ် ပုံစံဖမ်းသူတစ်ဦးဟု ဆိုရမည့် အာဏာရစစ်ကောင်စီတွင် တတိယ အာဏာ အရှိဆုံး သူရဦးရွှေမန်းကို ကြည့်ပါကလည်း အခြေခံဥပဒေသစ်အရ ပြည်ထောင်စုလွှတ်တော်သစ်က ရွေးချယ်တင်မြှောက်ခြင်းခံရမည့် သမ္မတလောင်းအဖြစ် အတော်များများက မျှော်လင့်ထားခဲ့ကြသူ ဖြစ်သည်။ ၁၉၈၈ ခုနှစ် အာဏာသိမ်းပြီးချိန်ကစပြီး နိုင်ငံကို အုပ်ချုပ်ခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖြစ် အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့သော စစ်ကောင်စီက ၂၀၀၈ ဖွဲ့စည်းပုံနှင့်အညီ ဆောင်ရွက်ပြီး နိုင်ငံတော်အဖွဲ့အစည်းများ စတင် အသက်ဝင်လာသောအခါ လေ့လာစောင့်ကြည့်သူ အများစုက တစ်ခုခု ပြောင်းလဲလာလိမ့်မည်ဟု မယုံကြည်ကြချေ။ စစ်ဘက်က ကြိုးကြပ်စောင့်ကြည့်

ပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေနှင့် စစ်ယူနီဖောင်းလဲပြီး ရွေးကောက်ခံ ကိုယ်စားလှယ် နိုင်ငံရေးသမားများ ဖြစ်လာဦးမည့် စစ်ဘက်ခေါင်းဆောင်များ စသည့် ဇာတ်လမ်းမျိုးသည် အခြားသော အရှေ့တောင်အာရှ နိုင်ငံများနှင့် အခြားနိုင်ငံများ၏ နိုင်ငံရေးဇာတ်ခုံများတွင် တွေ့ရဖန်များသဖြင့် ရိုးအီနေပြီဖြစ်သော ပြည်တွင်းနှင့် နိုင်ငံတကာမှ လေ့လာဆန်းစစ်သူများက သက်တမ်းရှည်ကြာလှပြီဖြစ်သည့် မြန်မာစစ်ဘက်၏ ဝါစဉ်အရ ဒုတိယတန်းအဆင့် ခေါင်းဆောင်များက ဦးဆောင်သည့် အခြေခံဥပဒေသစ်အရ အုပ်ချုပ်မည့် အစိုးရသစ်ကို လုံးဝ ထည့်မတွက်ထားကြချေ။

သို့ရာတွင် အစိုးရသစ်တက်လာပြီးနောက် ဖြစ်ပေါ်တိုးတက်မှုများသည် ထိုသူတို့ တွက်ဆထားသည့် အချက်တစ်ချက်မက မှားခဲ့ကြောင်း သက်သေပြနိုင်ခဲ့သည်။ အစိုးရသစ်တွင် ပါဝင်သည့် လူအားလုံးနီးပါးမှာ စစ်ဘက်အရာရှိဟောင်းများ ဖြစ်သော်လည်း သူတို့ ထမ်းဆောင်ရမည့်ကဏ္ဍသစ်က သူတို့ကို အပြုအမူပုံစံအသစ်သို့ ပြောင်းလဲရန် တွန်းအားပေးခြင်း ခံခဲ့ရပုံရပေသည်။ ပြည်ထောင်စု လွှတ်တော်က သမ္မတသစ်ကို ရွေးချယ်ရာတွင်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်၏ ဗိသုကာဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နောက်ဆုံးလုပ်ဆောင်မှုကို တွေ့မြင်ခဲ့ရပြန်သည်။ သူက သူ့ရဲ့ဦးရွှေမန်းကို သမ္မတအဖြစ် မရွေးချယ်ဘဲ စစ်ကောင်စီဝါစဉ်အရ စတုတ္ထအဆင့်တွင်ရှိနေသူ၊ နှိမ့်ချပြီး ထင်ထင်ပေါ်ပေါ် မနေတတ်သော ဝန်ကြီးချုပ်ဟောင်း ဦးသိန်းစိန်ကို ရွေးချယ်လိုက်ခြင်းဖြင့် အများကို အံ့ဩစေခဲ့သည်။ ရဲထွဋ်ကမူ ထိုဆုံးဖြတ်ချက်သည် နောင်ဖြစ်လာမည့် စိတ်မနှစ်မြို့ဖွယ် ဒရာမာဇာတ်လမ်းအတွက် ပဏာမခြေဆင်း အစပျိုးမှုပင်ဖြစ်ခဲ့သည်ဟု ရေးသားခဲ့သည်။ အားလုံး မျှော်လင့်မထားခဲ့သော ပဋိပက္ခများနှင့် ပြည့်နှက်နေသည့် ဇာတ်လမ်း၏ ဇာတ်ညွှန်းကို ကြိုတင်ရေးသားလိုက်သလိုပင် ဖြစ်သည်။ သို့ရာတွင် ထိုရေးသားမှု၏ အကျိုးဆက်များမှာ ယခုချိန်အထိ ဆက်လက်တွေ့မြင်နေရဆဲ ဖြစ်ပေသည်။

ဒရာမာဇာတ်လမ်းကြီးများတွင် နောင်ဖြစ်ပေါ်လာမည့်ဇာတ်ကွက်များကို ရှေ့တွင် သဲလွန်စကြိုတင်ထုတ်ပြထားလေ့ရှိမြဲဖြစ်ရာ အမြင်စူးရှထက်မြက်သော စောင့်ကြည့် လေ့လာသူများသာ ထိုသဲလွန်စကို ဖော်ထုတ်ပြီး နောင်တွင် ဘာဆက်ဖြစ်လာလိမ့်မည်ကို ခန့်မှန်းနိုင်ကြပေသည်။ မြန်မာနိုင်ငံ၏ ဇာတ်လမ်းတွင်လည်း ဖွဲ့စည်းအုပ်ချုပ်မှုပုံစံသစ်အတွက် ကောင်းမွန်စွာ လည်ပတ်ရန် လိုအပ်ချက်အားလုံးကို စနစ်တကျပြင်ဆင်ထားပြီးသကဲ့သို့ထင်ရပေသည်။ သမ္မတသစ် တရားဝင် ရွေးကောက်တင်မြှောက်ခြင်းသည် ဇာတ်ညွှန်းအတိုင်းပင်ဖြစ်လာသကဲ့သို့ သမ္မတတာဝန် လက်ခံသည့် အဖွင့်မိန့်ခွန်း၊ အစိုးရအဖွဲ့သစ်သို့ ပြောကြားသည့် သမ္မတသစ်၏ မိန့်ခွန်းစသည်တို့သည် ယခင်ကနှင့်မတူဘဲ ဆန်းသစ်သည်ဟု ခံစားကြရသော်လည်း အများကမူ နောက်ချေးအပေါ် ရွှေမှုန်ကြဲပြနေခြင်းသာဟု မြင်ခဲ့ကြသည်။

ဤသည်မှာလည်း အတိတ်၏ဆိုးကျိုးများက မြန်မာနိုင်ငံသစ်၏ အနာဂတ်ကို အရိပ်ထိုးထားခဲ့ခြင်းကြောင့် ဖြစ်လေသည်။ သို့ရာတွင် အာဏာရပြီး ငါးလအကြာတွင် သမ္မတဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲအပြီး မကြာခင်ပင် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် သူ့ပါတီကို ခေါင်းဆောင်ကာ ပါဝင်ယှဉ်ပြိုင်ရန် သဘောတူခဲ့သည်။ ထို့နောက် သူကိုယ်တိုင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံခဲ့ရပြီး ပြည်သူ့လွှတ်တော် နိုင်ငံရေးတွင် ပါဝင်လာသောအခါ ဦးသိန်းစိန်အစိုးရ၏ လုပ်ဆောင်ချက်များသည် လက်တွေ့ဆန်ပြီး ရုပ်ပြကောင်းရုံသက်သက် လုပ်နေခြင်းမဟုတ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် သတိပြုမိလာကြသကဲ့သို့ သူ၏အဖွင့်မိန့်ခွန်းတွင် ထည့်သွင်း ပြောဆိုခဲ့သည့် ပြုပြင်ပြောင်းလဲရေး အတိတ်စိမ်းကို အဓိပ္ပာယ်ဖွင့်လာနိုင်ကြပြီး မျှော်လင့်ချက်ရောင်နီများ သန်းလာခဲ့သည်။ ရဲထွဋ်က ထိုဖြစ်စဉ်များနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို အတွင်းလူတစ်ဦးအနေဖြင့် ရှုမြင်ကာ မြန်မာ့နွေဦးအဖြစ်အမည်တပ်၍ ထိုစဉ်က

နိုင်ငံတကာသတင်းများတွင် အထူး ရေပန်းစားခဲ့သည့် အာရပ်နွေဦးဖြစ်စဉ်များနှင့်မတူဘဲ ကွဲပြားခြားနားပုံကို ရှင်းလင်းတင်ပြထားသည်။ သည်နေရာတွင် အလွန် စိတ်ဝင်စားဖွယ်ကောင်းသည့်အဖြစ်တစ်ခုမှာ လွန်ခဲ့သည့်နှစ်နှစ်က သူကိုယ်တိုင် "လုံးဝလက်မခံနိုင်ပါ"ဟု လူသိရှင်ကြား ရှုတ်ချအပြစ်တင်ထားသည့် အခြေခံဥပဒေ၏အောက်တွင် ဒေါ်အောင်ဆန်းစုကြည်က သူ၏ပါတီကို ခေါင်းဆောင်ပြီး "ရွေးကောက်ပွဲ ဝင်ပါမည်"ဟု ဆုံးဖြတ်ခဲ့သည့် အဖြစ်အပျက် ဖြစ်သည်။ အကြောင်းရင်းကိုမူ ရဲထွဋ်လည်း ရှင်းပြနိုင်မည် မဟုတ်ချေ၊ မည်သူမျှလည်း မသိနိုင်ချေ၊ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်သာ သိပေလိမ့်မည်။

ဝတ္ထုအရေးကောင်းသူတစ်ဦးကဲ့သို့ ရေးထားသည့် ရဲထွဋ်၏စာအုပ်၌ တပ်မတော်တွင် တာဝန်ကြီးများ ထမ်းဆောင်ခဲ့သည့်၊ စနစ်ကျသော လုပ်ထုံးလုပ်နည်းဆိုင်ရာ အတွေ့အကြုံများနှင့် ကောင်းမွေများကို အရင်းပြုပြီး သမ္မတဦးသိန်းစိန်နှင့် သူ၏အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာသည့် မြန်မာအစိုးရသစ်၏ ခက်ခဲရှုပ်ထွေးသော အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကို သူတို့နားလည်သော၊ ဖြတ်သန်းခဲ့သော လုပ်ပုံကိုင်ပုံများဖြင့် လည်ပတ်အောင် ကြိုးစားအားထုတ်ခဲ့ပုံများကို စိတ်လှုပ်ရှားဖွယ်ကောင်းအောင် ရေးသားထားသည်။ ထို့ကဲ့သို့သော အချိန်မျိုးတွင် ရည်ရွယ်ချက်ရှိရှိ၊ ငွေအတောင်းကောင်းကောင်း နိုင်ငံခြားသားများက အိတ်နှင့်အပြည့် သင်ခန်းစာများကို သယ်ဆောင်ကာ နေပြည်တော်အနှံ့ရှိ အစိုးရဌာနများသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပေသည်။ ထိုသူများက အစိုးရအရာရှိများကို မှန်ကန်သော၊ ထင်သာမြင်သာရှိသော၊ စွမ်းရည်မြင့်သော၊ ထိရောက်သော၊ လိင်မခွဲခြားသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော အစိုးရတစ်ရပ်ကို မည်သို့ လည်ပတ်မောင်းနှင်ရမည်ကို လက်ချာပေးလာသောအခါ အတိတ်က လုပ်ပုံကိုင်ပုံ အမှုအကျင့်များနှင့် ခေါက်ရိုးကျိုးနေသည့် စစ်ဗိုလ်ဟောင်းများလွှမ်းမိုးထားသည့် အစိုးရ၏ လုပ်ငန်းလည်ပတ်ပုံမှာ ပိုမိုရှုပ်ထွေးလာခဲ့တော့သည်။

မည်သည့်အလုပ်ဖြစ်စေကာမူ အပြောလွယ်သလောက် အလုပ်ခက်ပါပေသည်။ သမ္မတကိုယ်တိုင် ပြတ်ပြတ်သားသား ကိုင်တွယ်ဖြေရှင်းမှ ရနိုင်မည့် အစိုးရအတွင်း ဖြစ်ပေါ်ခဲ့သော အချင်းချင်းပြိုင်ဆိုင်မှုများနှင့် ကိုယ်ကျိုးစီးပွားကြောင့် ဖြစ်ခဲ့ရသည့် ပဋိပက္ခများကြားတွင် ရက်ရက်စက်စက် မလုပ်တတ်သော၊ ပြောသမျှနားထောင်တတ်ပြီး စိတ်ထားနူးညံ့သော ဦးသိန်းစိန်အတွက် ဆုံးဖြတ်ရခက်ခဲ့ပုံများကို ရဲထွဋ်က ပေါ်လွင်အောင် ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် စီမံအုပ်ချုပ်ဖူးသည့် အတွေ့အကြုံ လုံးဝမရှိသော နိုင်ငံခြားသားပညာရှင်များက ပေးလာသည့် အရည်မရ အဖတ်မရ အကြံဉာဏ်များကလည်း မြန်မာနိုင်ငံကဲ့သို့ အကွဲကွဲအပြားပြား ဖြစ်နေပြီး ပြဿနာမျိုးစုံနှင့် ရှုပ်ထွေးလှသည့် နိုင်ငံမျိုးတွင် သမ္မတတာဝန် မယူခင်ကတည်းက ဆယ်စုနှစ်နှင့် ချီ၍ အုပ်ချုပ်ရေးအတွေ့အကြုံရှိခဲ့ပြီးဖြစ်သည့် ဦးသိန်းစိန်အတွက် အသုံးမဝင်လှပေ။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သည့် စစ်အစိုးရလက်ထက်မှ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အင်န်အယ်လ်ဒီအစိုးရလက်သို့ ပြောင်းလဲခြင်း မြန်မာ့နိုင်ငံရေး ဒရာမာပြဇာတ်မှာ ကြိုတင် သတ်မှတ်ထားသည့် ပြကွင်းပြကွက်များအတိုင်း ပါဝင်သည့် ဇာတ်ဆောင်များနှင့် ဇာတ်ရုပ်များကလည်း မိတ်ဆက်ဖော်ပြပြီးသည်နှင့် စိတ်အားထက်သန်စွာ လက်တွေ့ ကပြကြတော့သည်။

ဦးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည် နှစ်ယောက်စလုံးသည် ပြုပြင်ပြောင်းလဲရေး ဒရာမာပြဇာတ်တွင် အဓိကဇာတ်ကောင်များ မဟုတ်ကြသော်လည်း သူတို့၏အရိပ်များကတော့ ဇာတ်လမ်းတစ်ခုလုံးကို လွှမ်းမိုးထားခဲ့သည်။ ပထမ စင်နောက်ပိုင်းတွင်၊ နောက် စင်ပေါ်တွင် အဓိကသရုပ်ဆောင်နေရာကို အကြိတ်အနယ် လုနေရသူနှစ်ဦးမှာ သမ္မတဦးသိန်းစိန်နှင့် ဦးရွှေမန်းတို့ ဖြစ်ပေသည်။ ဦးရွှေမန်းသည်

ပထမပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်ပြီး လွှတ်တော်ဥပဒေအရ နောက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ထို့ပြင် အာဏာရပြည်ခိုင်ဖြိုးပါတီတွင် ၂၀၁၅ ခုနှစ်၊ သူ့အား မဖယ်ရှားမီအထိ ပါတီခေတ္တဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။ ဦးရွှေမန်းတစ်ယောက် ဒေါ်အောင်ဆန်းစုကြည်နှင့် မဟာမိတ်ဖြစ်လာသည့်အခါ တပ်မတော်တွင် အမှုထမ်းဆောင်ခဲ့စဉ်က လေးစားခဲ့သည့် ဝါစဉ်များကို မငဲ့ကွက်နိုင်တော့ဘဲ တပ်မတော်နှင့် အစိုးရအတွင်းတွင် နံပါတ်သုံးနှင့် နံပါတ်လေးအဖြစ် ကာလကြာမြင့်စွာ အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသူနှစ်ဦးအကြား တင်းမာလာခဲ့ပုံကို ရဲထွဋ်က အသေးစိတ် ရေးသားတင်ပြထားပေသည်။

ရဲထွဋ်၏စာအုပ်တွင် ထိုပုဂ္ဂိုလ်နှစ်ဦးအား အဓိကဇာတ်ရုပ်နေရာ ပေးထားသည်ကို တွေ့ရသည်။ သည်နေရာတွင် သတိပြုရန်အရေးကြီးသည်မှာ ရဲထွဋ်၏ ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးနှင့် နှစ်များစွာ ကြာခဲ့ပြီဖြစ်သော နီးစပ်သည့်ဆက်ဆံရေးပင် ဖြစ်သည်။ ရဲထွဋ်သည် ဦးရွှေမန်းကို သူ့ တပ်မ (၄၄) တွင် ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် ပထမဦးဆုံးအကြိမ် တွေ့ဖူးခဲ့သည်။ ထိုစဉ်က ဦးရွှေမန်းမှာ ခမရ (၆) ၏ ဒုတပ်ရင်းမှူးဖြစ်သည်။ ၁၉၉၂ နှစ်တွင် ထပ်မံဆုံတွေ့ခဲ့ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဖြစ်သည်။ ဦးရွှေမန်းသည် သူ့အတွက် တပ်မတော်တွင် စံပြုပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်ကို ရဲထွဋ်က ဝန်ခံသည်။ သူ့အား ပြန်ကြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့အမှုထမ်းဆောင်နိုင်ရန် ကြည့်ရှုစောင်မပေးခဲ့သူမှာ ဦးရွှေမန်းပင် ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်မူ ရဲထွဋ်နှင့် ဦးသိန်းစိန်တို့မှာ အစိုးရသစ် ဖွဲ့စည်းသည့်အချိန်အထိ တွေ့ဖူးဆုံဖူး သိကျွမ်းဖူးခဲ့ကြသူများ မဟုတ်ချေ။ ၂၀၁၃ ခုနှစ်တွင် သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဖြစ်လာပြီးနောက်မှသာ သမ္မတ၏ ပြည်တွင်းပြည်ပ ခရီးစဉ်မှန်သမျှကို လိုက်ပါခဲ့ရပြီး နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များ စသည့် အခြားသူများနှင့် ပြုလုပ်သည့် အရေးကြီးသည့် အစည်းအဝေးတိုင်းကို ဦးသိန်းစိန် သမ္မတတာဝန်ပြီးသည်အထိ တက်ရောက်ခွင့်ရခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဦးရွှေမန်းက ဉာဏ်နီဉာဏ်နက်ဖြင့် လုပ်ဆောင်လိုက်သည့် နိုင်ငံရေးလှည့်ကွက်များကြောင့် ဦးသိန်းစိန်ခံစားခဲ့ရပုံကို အနီးကပ်တွေ့မြင်နေရပြီး သူ ယခင်က အထူး လေးစားခဲ့သည့် စစ်ဘက်စံပြုပုဂ္ဂိုလ်ကြီးအပေါ် ယုံကြည်မှုများ ကင်းမဲ့လာရခြင်းဖြစ်သည်ဟု ရဲထွဋ်က ရှင်းပြသည်။

ဦးရွှေမန်း၏လှည့်ကွက်များဟု ရဲထွဋ်က အမည်ပေးခဲ့သည့် အခန်းတွင် အကွက်ရွှေ့ တိုက်ခိုက်သူ လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းက သမ္မတကို မလှုပ်နိုင်မရှားနိုင်အောင် မည်သို့မည်ပုံ ဆောင်ရွက်ခဲ့ပုံများ၊ သမ္မတ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို နှောင့်ယှက်ရာတွင် ပထမ ချောင်းမြောင်းပစ်ခတ်သကဲ့သို့ လုပ်ရာမှ အချိန်ရလာသည့်အခါ အမြောက်နှင့် ရုပြုပစ်ခတ် ချေမှုန်းသလို ဦးရွှေမန်းက ဦးဆောင်စီမံခဲ့ပုံများကို ဖွင့်ချထားသည်။ သမ္မတအနေဖြင့် သူ၏လုပ်ပိုင်ခွင့်ကို ကန့်သတ်ခံနေရပြီး အကြံပေးနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၏ ပဋိပက္ခအသွင်ဆောင်သော အကြံပြုချက်များကြောင့် ဦးသိန်းစိန်အနေဖြင့် ပို၍ စိတ်မသက်မသာဖြစ်လာရပုံများကို ဖတ်ရှုရမည် ဖြစ်သည်။ စစ်ဘက်အစဉ်အလာအရ ရာထူးအရလည်းကောင်း၊ အဆင့်အရလည်းကောင်း ကွာခြားသူ စားပွဲထိပ်က ထိုင်နေသည့် ပုဂ္ဂိုလ်အား မိမိအမြင်ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားရန်မှာ အတော်ခက်သည့်ကိစ္စ ဖြစ်ခဲ့သည်မှာ မှန်ပေသည်။ အထက်ပါ အရိုးစွဲခဲ့သည့် အစဉ်အလာများကြောင့်လည်း အစိုးရနှင့် အာဏာရပါတီတို့အကြားတွင်မူ ဘုံရည်မှန်းချက် ရရှိအောင်မြင်ရေးမှာ အတော်ပင် ခက်ခက်ခဲခဲ ကြိုးစားရသည့်အခြေသို့ ဆိုက်ခဲ့ရပေသည်။

ဦးရွှေမန်းက သူကိုယ်တိုင် ပါဝင်လုပ်ဆောင်ခဲ့သည့် စစ်အစိုးရလက်ထက် ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ပတ်သက်ပြီး ရပ်တည်ချက်ပြောင်းကာ လက်ရှိအစိုးရလက်ထက်တွင် ဆက်လက် အကောင်အထည်ဖော်မှုကို ကန့်ကွက်ခဲ့သည့် ၂၀၁၂-၂၀၁၃ ဘတ်ဂျက်အရေးကိစ္စသည် သမ္မတကို ဦးတည်တိုက်ခိုက်မှုများ၏ အစပင်ဖြစ်သည်။ နောက်ပိုင်းတွင် အချိုးကျရွေးကောက်ပွဲစနစ် ကျင့်သုံးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏အာဏာ စသည့်ကိစ္စများက ပို၍အရေးကြီးသည့် ထိုးနက်ချက် ဖြစ်လာခဲ့သည်။ လွှတ်တော်၏ စွပ်စွဲပြစ်တင်မှုကို အမြဲ စိုးရိမ်နေမှုကြောင့်လည်း သမ္မတအနေဖြင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ရဲရဲတင်းတင်း မလုပ်ရဲခဲ့သည်ကို တွေ့ရသည်။

ဦးရွှေမန်းနှင့် ဦးသိန်းစိန်အကြား ပဋိပက္ခကို အတွင်းကျကျ မသိခဲ့သည့် ပြည်တွင်း၊ ပြည်ပက လေ့လာသူတွေကမူ နားလည်မှုလွဲပြီး အမြင်နှစ်မျိုးဖြင့် ရှုမြင်ခဲ့ကြသည်။ ဥပဒေပြုရေးရှုထောင့်က ကြည့်ရှုသူများကလည်း ယခင် အစိုးရအခြေခံဥပဒေတွင် အလေးထား ရေးဆွဲခဲ့သည့် အဓိကအချက်ဖြစ်သော မဏ္ဍိုင်သုံးရပ် အပြန်အလှန်ထိန်းကျောင်းခြင်းမှာ ရည်ရွယ်ထားသည့်အတိုင်း အမှန်တကယ် အလုပ်ဖြစ်နေပြီဟု မြင်ကြသည်။ အမြဲ အဆိုးမြင်သူများကလည်း နှစ်ပေါင်းများစွာ နယကအစိုးရအတွင်း အတူလက်တွဲလုပ်လာကြသည့် လုပ်ဖော်ကိုင်ဖက် ဗိုလ်ချုပ်ကြီးဟောင်းနှစ်ဦးအကြား သဘောကွဲလွဲမှု မဖြစ်နိုင်၊ ယခုဖြစ်နေသော ဦးရွှေမန်းနှင့် ဦးသိန်းစိန်အကြား ပွတ်တိုက်မှုများမှာ ဟန်ပြသာဖြစ်သည်၊ သူတို့သည် နေပြည်တော်တွင် အပြောင်းအလဲများ တကယ်ဖြစ်နေပြီဟု လူပြိန်းများ ယုံကြည်လာအောင် လိမ်ညာ လှည့်ပတ် ဟန်ဆောင်နေခြင်းသာ ဖြစ်သည်၊ အစိုးရအခင်းအကျင်းသစ် ဆိုသည်မှာလည်း ဆိတ်ခေါင်းချိတ်ပြီး ခွေးသားကို ညာရောင်းခြင်းမျှသာ ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။

လက်ရှိအခြေအနေနှင့် အလှမ်းဝေးနေသည့် တပ်မတော်အရာရှိဟောင်းများနှင့် ဝန်ထမ်းဟောင်းများပင်လျှင် ထိုသူတို့အတိုင်း လုပ်ပွဲဟု ရှုမြင်ကြသည်။ ရဲထွဋ်၏စာအုပ်တွင် သူတို့နှစ်ဦးအကြားက ပဋိပက္ခသည် အမှန်တကယ် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ရုံမျှသာမက ထိုပဋိပက္ခ၏အကျိုးဆက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ကြီးမားသော အနုတ်လက္ခဏာပြစေခဲ့သည်ဟု ရေးသားထားခဲ့သည်။

သူ၏အစိုးရအဖွဲ့ လုပ်ဆောင်နိုင်မှုကို မည်သည့်အရာက ပုံသွင်းပါသနည်းဟူသော မေးခွန်းကို ဖြေကြားရာတွင် ဗြိတိသျှဝန်ကြီးချုပ်ဟောင်းတစ်ဦးက "သူ့ဘာသာသူ ထထဖြစ်နေတဲ့ ဖြစ်စဉ်တွေပေါ့ ကောင်လေးရဲ့"ဟု ဖြေကြားဖူးသလိုပင် ဦးသိန်းစိန်လည်း ရင်ဆိုင်ခဲ့ရသည်။ ဦးသိန်းစိန်နှင့် ညီညွတ်မှု အားနည်းလှသော သူ့အစိုးရအဖွဲ့သည် စက်ခဲသည့်ပြုပြင်ပြောင်းလဲရေးအစီအစဉ်နှင့် ဦးရွှေမန်း မြှောက်ပေးသည့် လွှတ်တော်ဘက်မှ တိုက်ခိုက်မှုများအပြင် ပြည်သူလူထုအမြင်ကို အကြီးအကျယ် အကျိုးသက်ရောက်စေသည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိစ္စ၊ နိုင်ငံရေးအရအကဲဆတ်လှသည့် အမျိုးသားပညာရေးဥပဒေ ရေးဆွဲရေးကိစ္စ၊ လူမျိုးရေး၊ ဘာသာရေးကို အခြေခံသည့် ပဋိပက္ခများကို ဖြေရှင်းခဲ့ရသည်။ ထိုကိစ္စများနှင့်ပတ်သက်သည့် အစိုးရ၏ လုပ်ဆောင်ချက်၊ ဆုံးဖြတ်ချက်များကြောင့် မျှော်လင့်မထားသည့် အကျိုးဆက်များလည်း ပေါ်ပေါက်ခဲ့ရသည်။ ရဲထွဋ်က ထို အဖြစ်အပျက်များကို ရေးသားပြီး နေပြည်တော်မှာဖြစ်နေသည့် ပဋိပက္ခများထက် ပို၍ကျယ်ပြန့်သော မြန်မာနှင့် မြန်မာ့နိုင်ငံရေးအပေါ် အကျိုးသက်ရောက်မှုများကို စာဖတ်သူများ နားလည်အောင် ရှင်းပြထားသည်။

နောက်ဆုံးအခန်း (၉) တွင်မူ ရဲထွဋ်သည် ကိုယ်တိုင်ဖွင့်ဟချက်ပုံစံဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် သူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့ရသည့် အခြေခံကျသော

မီဒီယာ ကဏ္ဍ ပြုပြင်ပြောင်းလဲရေးများကို စာဖတ်သူများထံ တင်ပြထားသည်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် သတင်းစာလောကသည် စိစစ် ထိန်းချုပ် ကန့်သတ်မှု လုံးဝမရှိဟု ဆိုနိုင်လောက်အောင်ပင် လွတ်လပ်ခဲ့သော်လည်း မီဒီယာများတွင် လွတ်လပ်ပွင့်လင်းစွာ ထုတ်ဖော်ပြောဆို ဆွေးနွေးခြင်းများ ဖော်ပြခြင်းများကို စိစစ်ထိန်းချုပ်ခြင်းသည် ၁၉၆၂ ခုနှစ် အာဏာသိမ်းမှု၏အကျိုးဆက်အဖြစ် ဖြစ်ပေါ်လာခဲ့သည်။ စနစ်ဟောင်း ချုပ်ငြိမ်းသွားခြင်းနှင့်အတူ သတင်းမီဒီယာ လွတ်လပ်မှုမှာလည်း တဖြည်းဖြည်းချင်း ဆိတ်သုဉ်းသွားခဲ့သည်။ သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ထိန်းချုပ်လိုက်ခြင်းအားဖြင့် ပုံမှန် လည်ပတ်နေသော နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်မှုအတွက် ဧကန်မုချ လိုအပ်သည့် အကြံကောင်းဉာဏ်ကောင်းများ၊ ဝေဖန်မှုများကို ဖြတ်တောက်ပစ်လိုက်သကဲ့သို့ ဖြစ်သွားမည် ဖြစ်ပေသည်။

ထိုပြဿနာမျိုးကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေလိုလူပင် ကောင်းစွာ နားလည်ပေသည်။ ၂၀၀၅ ခုနှစ် အသစ်ခန့်အပ်သော သံအမတ်ကြီးများကို တွေ့ဆုံရာတွင် "သတင်း လွတ်လပ်ခွင့်ရှိရန် လိုအပ်သည်မှာ မငြင်းနိုင်ပါ။ သို့သော် သတင်းစာများသည် အာဏာရှိသူ မည်သူ့ကိုမဆိုကို တိုက်ခိုက်ရေးသားခြင်း သက်သက်အဆင့်ထက်တော့ ပိုဖြစ်သင့်သည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ အတည်ပြုပြီးနောက် အစိုးရသစ် တက်လာသည့်အခါ စာပေစိစစ်ရေးဆိုတာလည်း ရှိတော့မည်မဟုတ်"ဟု ပြောဖူးသည်ကို ပြန်ကြားခဲ့ဖူးသည်။

သို့ရာတွင် "အပြောလွယ်သလောက် အလုပ်ခက်၏"ဆိုသည့် စကားအတိုင်းပင် နဝတနှင့် နယက အစိုးရများသည် ပုဂ္ဂလိက၊ အစိုးရမဟုတ်သည့် မီဒီယာများ ဖြစ်ပေါ်လာရန် နည်းလမ်းမျိုးစုံဖြင့် ခွင့်ပြုပေးခဲ့သော်လည်း အနီးကပ်စောင့်ကြည့်ထိန်းချုပ်မှုကို အစိုးရအပြောင်းအလဲကာလအထိ ဆက်လက် ထိန်းသိမ်းထားခဲ့ရသည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဖယ်ရှားပြီးနောက် စာပေစိစစ်ရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်သို့ လွှဲပြောင်းပေးခဲ့သည်။ ဤသို့ဖြင့် ပုဂ္ဂလိက မီဒီယာများကို ထိန်းချုပ်ရန်သည် ပြန်ကြားရေးဝန်ကြီးဌာန၏တာဝန် ဖြစ်လာခဲ့သည်။ ထိုကဲ့သို့ မီဒီယာ ထိန်းချုပ်ရေးကို လုပ်ဆောင်ခဲ့သော ဝန်ကြီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲရေးကာလတွင် လူမပြောင်းဘဲ မူပြောင်းကာ လွတ်လပ်သော မီဒီယာများကို ဖော်ဆောင်သူ ဖြစ်လာခဲ့ရသည်။ ထိုသို့ မီဒီယာ လွတ်လပ်ခွင့်ကို ဖော်ဆောင်ရာတွင် နိုင်းနိုင်းချိန်ချိန် စနစ်တကျ လုပ်ဆောင်ဖို့လိုသည်မှာ မှန်သော်လည်း စာနယ်ဇင်းသမားများနှင့် ပြန်ကြားရေးဝန်ကြီးဌာနအကြားတွင် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှု လုံးဝ မရှိသည့်အတွက် ဝန်ကြီးဌာန၏ စီမံကိန်းမှန်သမျှကို မျက်စိမှိတ် ဆန့်ကျင်ခြင်း ခံခဲ့ရသည်။

နိုင်ငံပိုင်သတင်းစာများနှင့် နိုင်ငံပိုင် ရေဒီယိုနှင့်ရုပ်မြင်သံကြားဌာနကို အနောက်နိုင်ငံများတွင် ကျင့်သုံးနေသည့် ပြည်သူ့ဝန်ဆောင်မှု မီဒီယာများအဖြစ် အသွင်ပြောင်းရန်ကိစ္စတွင်လည်း ထိုနည်းနှင်နှင်သာ ဖြစ်ခဲ့ရသည်။ BBC, Deutsche Welle သို့မဟုတ် PBS တို့ကဲ့သို့ မီဒီယာအသံလွှင့်ဌာနပုံစံမျိုးသည် မြန်မာနိုင်ငံတွင် မည်သည့်အခါကမျှ မရှိခဲ့ဖူးပေ။ အစိုးရ၏လက်လှမ်းတမီတွင် ထားရန် ရည်ရွယ်သည့် ပြည်သူ့ဝန်ဆောင်မှုရုပ်သံလွှင့် လုပ်ငန်းအစီအစဉ်သည် မြန်မာနိုင်ငံအတွက် အစိမ်းသက်သက် ဖြစ်နေသည်။ ပုဂ္ဂလိက မီဒီယာများမှာ ပိုင်ရှင်များအတွက် အမြတ်အစွန်းရရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရသော်လည်း ပြည်သူ့ဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းများမှာ အမြတ်အစွန်း သက်သက်အတွက် မဟုတ်၊ ပြည်သူ့ငွေကြေးစိုက်ထုတ်မှုဖြင့် လုပ်ငန်းလည်ပတ်ရသည်။ သို့သော်လည်း ပုဂ္ဂလိက မီဒီယာများက သူတို့၏ဈေးကွက်ကို လာရောက်ယှဉ်ပြိုင်မည့် ပြိုင်ဘက်အဖြစ်သာ ရှုမြင်ကြပြီး မူတမူ မရှိဟု ယူဆကြသည်။ ထို့ကြောင့် စီးပွားရေးအကျိုးအမြတ်၊ ပညာသည် မာန၊ အစိုးရကပေးသော ကတိကဝတ်များကို လုံးဝအယုံအကြည်မရှိတော့မှုများက မီဒီယာပြုပြင်ပြောင်းလဲရေးသည် အခက်ဆုံး ဖြစ်ကြောင်း သက်သေပြခဲ့သည်။

သို့ရာတွင် ရဲထွဋ်သည် သူကိုယ်တိုင် အောင်မြင်အောင် ဆောင်ရွက်ခဲ့သည့်ကဏ္ဍ ဖြစ်သည့် လူထု မီဒီယာကဏ္ဍကို မဖော်ပြခဲ့ချေ။ ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်တွင် သူ့ကို အချို့ သတင်းသမားများထက် ပိုပြီး လူသိများသည့်အတွက် မျက်မုန်းကျိုးခံရသူလည်း ဖြစ်သည်။ ဖေ့စ်ဘွတ်ခ်ဝန်ကြီးဟု အမည်ပေး ခေါ်ခံရသည့် သူ့အကောင့်တွင် ဝန်ကြီးတာဝန်မှ အနားယူသောအခါ သူ့တွင် Follower နှစ်သိန်းခွဲခန့် ရှိသည်။ ယနေ့အချိန်တွင် ငါးသိန်းကျော်လောက်ရှိပြီဟု ထင်သည်။ သူ၏အမြင်များမှာ တစ်ခါတစ်ရံတွင် အငြင်းပွားဖွယ်ရာဖြစ်နေပြီး ငြင်းခုံဆွေးနွေးမှုများသည် ရန်စွပေးတတ်သည့်အတွက် လှုပ်ရှားရှင်သန် အသက်ဝင်သည့် မီဒီယာမှန်လျှင် ငြင်းခုံဆွေးနွေးမှုကို အားပေးရမည်ဟူသည့်အဆိုဖြင့် ကိုက်ညီပေသည်။

မီဒီယာပြုပြင်ပြောင်းလဲရေးမှာ "ခက်ခဲရုံသာမဟုတ် အဆုံးတွင် ပြီးစီးအောင်လည်း မလုပ်နိုင်ခဲ့"ဟု ရဲထွဋ်ရေးသားထားသကဲ့သို့ပင် သမ္မတဦးသိန်းစိန် ရာထူးတွင် ရှိနေသေးသည့်ကာလတွင် မီဒီယာ ပြုပြင်ပြောင်းလဲရေးကို အခြေခံကျကျ ပြုလုပ်နိုင်မည့် ဖြစ်နိုင်ခြေ အားလုံးနီးပါးမှာ နိုင်ငံရေးတိုက်ပွဲများကြောင့် ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့် အခြေအနေသို့ ရောက်သွားခဲ့သည်။ အခွင့်အရေးကောင်းများကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီး နောက်တက်လာသည့် အစိုးရကလည်း မီဒီယာပြုပြင်ပြောင်းလဲရေးကို ဘေးဖယ်ထားလိုက်သည်။ ယခုအခါတွင် ယခင်ဝန်ကြီးဦးကျော်ဆန်းနှင့် သူ့ကို ဆက်ခံခဲ့သည့် ဝန်ကြီးများ၏ တစ်ဆင့်ချင်း ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများကို အကျယ်လောင်ဆုံး ဆန့်ကျင် ဝေဖန်ခဲ့သည့် လက်ရှိပြန်ကြားရေးဝန်ကြီးက သူကိုယ်တိုင် လုံးဝဖျက်သိမ်းပစ်ရန် တောင်းဆိုခဲ့သည့် နိုင်ငံပိုင် အစိုးရမီဒီယာများကို အထူးတလည် အမွှမ်းတင် တောမနာပြု ဦးဆောင် လည်ပတ်လျက် ရှိနေသည်။ ဤသို့ဖြင့် မီဒီယာပြုပြင်ပြောင်းလဲရေးသည် သမ္မတဦးသိန်းစိန်၏ အခြား ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကဲ့သို့ပင် ကြီးမားသည့် ကိုယ်ကျိုးစီးပွားများ၊ အမြင်ကျဉ်းမှုများ၊ ခေတ်မမီတော့သည့် လုပ်နည်းစနစ်များကြောင့် ရပ်တန့်သွားခဲ့ပြီး၊ ပြီးခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာ လူအများ မျှော်လင့်ခဲ့သော အပြောင်းအလဲများလည်း ဖြစ်မလာတော့ပေ။

မီဒီယာပြုပြင်ပြောင်းလဲရေးကို စနစ်တကျပြုလုပ်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ခြင်းသည် ဦးသိန်းစိန်အစိုးရ၏ အခြားသောပြုပြင်ပြောင်းလဲရေးများ မအောင်မြင်ခဲ့သကဲ့သို့ ဖြစ်ပေသည်။ ရဲထွဋ်က နိဂုံးအပိုင်းတွင် ပြုပြင်ပြောင်းလဲရေး မအောင်မြင်ရခြင်း၏ အဓိကအကြောင်းရင်းများကို သူ့အမြင်နှင့် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ ယခင် နယကအစိုးရနှင့် အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဆယ်စုနှစ် နှစ်ခုကျော် အုပ်ချုပ်ခဲ့ခြင်း၏ ဆိုးမွေကောင်းမွေမှန်သမျှကို ဆက်ခံရခြင်းက ပထမအချက်အဖြစ် သုံးသပ်ထားသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံတွင် သူဖန်တီးလိုသည့် အနာဂတ် မြန်မာနိုင်ငံ၏ ပုံစံအတွက် မျှော်မှန်းထားသည့်အမြင် (Vision) ရှိရှိအမှန် ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သူ့မျှော်မှန်းချက်များကို အများနှင့်တိုင်ပင်ဆွေးနွေးခဲ့ခြင်း မရှိခဲ့ပေ။ ထို့ပြင် သူ့မျှော်မှန်းချက်များကို အကောင်အထည်ဖော်မည့် အဓိကယန္တရားအဖြစ် တပ်မတော်ကိုသာ သတ်မှတ်ခဲ့ပြီး ခိုင်မာသည့် အရပ်ဘက် အင်စတီကျူးရှင်းများကို တည်ဆောက်နိုင်ခဲ့ခြင်း မရှိပေ။ အားနည်းချက်တွေပါသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သူ့ကိုဆက်ခံသည့် သမ္မတဦးသိန်းစိန် အသုံးပြုရမည့် မပြည့်မစုံ လက်နက်များထဲက တစ်ခုမျှသာ ဖြစ်သည်။

“ဦးသိန်းစိန်သည် သမ္မတတာဝန်အတွက် နူးညံ့လွန်းသည့်လူ ဖြစ်နေသည်”ဟု ရဲတွင့်နှင့် အခြားသူများ အမြဲပြောလေ့ရှိကြသကဲ့သို့ ဦးသိန်းစိန်သည် တပ်မတော်နှင့် အစိုးရအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခဲ့ရာ၌ သူ့ကိုပေးအပ်လာသည့် တာဝန်မှန်သမျှကို ဖြောင့်မတ် ဇွဲနပဲကြီးစွာ ဆောင်ရွက်လေ့ရှိသူ ဖြစ်သော်လည်း ထိပ်ဆုံးသို့ တက်လှမ်းနိုင်သည့်၊ ရည်မှန်းချက်ကြီးမားသည့် ခေါင်းဆောင် အတော်များများတွင် ရှိတတ်သော ရက်စက်ခြင်း၊ ပရိယာယ်များခြင်း စသော အမူအကျင့်များကို ပိုင်ဆိုင်သူ မဟုတ်ပေ။ ဦးသိန်းစိန်၏အဖြစ်မှာ သူ၏အမူအကျင့်ကြောင့် အာဏာကို ရှောင်ရင်းရှောင်ရင်း ပတ်ပြေးရင်းဖြင့် အာဏာက သူ့လက်ထဲသို့ ဝုန်းခနဲရောက်လာရသူအဖြစ်မျိုး ဖြစ်သည်။ သူ့ကို ကောင်းစွာ နားထောင်တတ်သူဖြစ်သည်ဟု ပြောဆိုကြသည်ကို မှတ်သားရသည်။ ထို့ပြင် ပြဿနာများကို တစ်ဦးတည်းထိုင်၍ နက်နက်ရှိုင်းရှိုင်း တွေးတောဆင်ခြင်ကာ စဉ်းစားနေတတ်သူလည်းဖြစ်ပြီး သူ့အနားတွင် အများအပြားရှိသည့်သူများကဲ့သို့ အာဝဇ္ဇန်းရွှင်ရွှင်နှင့် လေကန်ရင်း အချိန်ဖြုန်းနေတတ်သူ မဟုတ်ပေ။ အားနည်းချက်များစွာနှင့် အခြေအနေအထားလည်း မကောင်းသည့် နိုင်ငံတည်ဆောက်ရေးတာဝန်ကြီးကို သူ အဓမ္မ ဆက်ခံရသည့်အခါ သူတတ်နိုင်သမျှ အကောင်းဆုံးကြိုးစားခဲ့သည်ကို တွေ့ရပါသည်။ ရဲတွင့်က နိဂုံးချုပ် မှတ်ချက်တွင် ရေးသားထားသကဲ့သို့ဆိုရလျှင် ဦးသိန်းစိန်၏ သမ္မတသက်တမ်းတွင် အခွင့်အလမ်းကောင်းများ လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းများရှိသကဲ့သို့ အောင်မြင်မှုများလည်း ရှိသည်။ မည်သို့ပင် ဖြစ်စေ ဦးသိန်းစိန်သည် မြန်မာခေါင်းဆောင်များအတွက် စံချိန်စံညွှန်းသစ်ကို သတ်မှတ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဆုံးရှုံးသွားသော အခွင့်အလမ်းများ (၂၀၁၀-၂၀၁၆) စာအုပ်သည် အနည်းငယ်သာရှိသော မြန်မာခေတ်သစ် နိုင်ငံရေးသမိုင်းစာအုပ်များတွင် တစ်အုပ်အပါအဝင် ဖြစ်လာခဲ့ပေပြီ။ ဂါးဒီးယန်းစိန်ဝင်း၏ Split Story: An Account of Recent Political Upheaval in Burma (1959) ကဲ့သို့ အတွေ့အကြုံ အခွင့်အရေးရခဲ့သည့် စာရေးသူအနည်းငယ်၏ ခေတ်အလိုက် ထင်ဟပ်သောစာအုပ် အနည်းငယ်သာ ရှိပေသည်။ ဂါးဒီးယန်းဦးစိန်ဝင်း၏စာအုပ်သည် မြန်မာနိုင်ငံ၏ အခြေခံဥပဒေအရ အုပ်ချုပ်သည့် အရပ်ဘက်အုပ်ချုပ်ရေးစနစ် တည်တံ့ရေး ပထမအကြိမ် ကြိုးပမ်းမှု အတွေ့အကြုံများကို ရေးသားထားသည့် ပထမဆုံးစာအုပ်ဖြစ်သည်။ ထို့ကြောင့် ရဲတွင့်၏စာအုပ်မှာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကြိုးပမ်းမှုကို မှတ်တမ်းတင်သည့်စာအုပ်ဟု ဆိုရပေမည်။ တတိယအကြိမ် ကြိုးပမ်းမှုတော့ ရှိလေဦးမလား မပြောတတ်ပေ။ ရှိခဲ့လျှင်လည်း ဦးသိန်းစိန်၏ အပြစ်မဟုတ်ပါပေ။ ဦးသိန်းစိန်အစိုးရသည် ပွင့်လင်းပြီး ပြည်သူ့အသံကို နားထောင်တတ်သော ပြည်သူ့အရေးကို လိုလိုလားလားရှိသော အစိုးရတစ်ရပ်၏ စံအမှတ်တစ်ခုကို သတ်မှတ်ပေးလိုက်နိုင်သည်ဟု ဆိုနိုင်သည်။

သူရရှိခဲ့သော အောင်မြင်မှုများသည် သေးသေးကွေးကွေး အောင်မြင်မှုများတော့ မဟုတ်ချေ။ သို့သော် အောင်မြင်မှုများအကြောင်းပြောလျှင် လက်လွှတ်ဆုံးရှုံးခဲ့ရသော အခွင့်အလမ်းများကိုလည်း ချန်ထား၍မရပေ။ ဆုံးရှုံး လက်လွှတ်ခဲ့ရသည်များမှာ သူ တစ်ဦးတည်း၏ တာဝန်ကြောင့် မဟုတ်သော်လည်း သမ္မတကတော့ အများဆုံး တာဝန်ယူရမည်သာ ဖြစ်သည် ။

ဒေါက်တာမောင်မောင်က ၁၉၈၈ ခုနှစ် စစ်ဘက်ကအာဏာမသိမ်းမီ သူ၏ တစ်လမျှသာ ကြာခဲ့သည့် သမ္မတသက်တမ်းအတွင်း ပြောခဲ့သည့် မိန့်ခွန်းတစ်ခုတွင် မကြာခဏ ကိုးကားခြင်းခံရသည့် လော့ဒ်အက်တွန်၏ အဆိုအမိန့်တစ်ခု၏ ပထမပိုဒ်ကို အောက်ပါအတိုင်း ထည့်သွင်း သတိပေးသွားခဲ့သည်။

“အာဏာဟာ လူကိုဖျက်ဆီးတတ်ပါတယ်။ အကြွင်းမဲ့အာဏာကတော့ လူကို အကြွင်းမဲ့ ဖျက်ဆီးပါလိမ့်မယ်”။ ရဲတွင့်စာအုပ်က လော့ဒ်အက်တွန်၏အဆိုမှ ဒုတိယပိုဒ် “ထူးကဲပြောင်မြောက် ကြီးမြတ်တဲ့ လူတိုင်းလိုလိုဟာ အမြဲတမ်း လူကောင်းတွေ မဟုတ်ကြပါဘူး”ဟူသော အဆိုကို အောက်ပါအတိုင်း စာဒကတက်ထားခဲ့ပေသည်။

> “လောကတွင် အကျင့်ပျက် ခြစားခြင်းမရှိသကဲ့သို့ ဆိုးသွမ်းရက်စက်သူလည်း မဟုတ်သည့် ကြီးမြတ်သောသူတချို့လည်း ရှိနေခဲ့ပါသည်။”

ရောဘတ်အိတ်ချ်တေလာ
၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်